# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# ဒသမပုံမှန်အစည်းအဝေး

# အဋ္ဌမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ညောင်လေးပင်မြို့နယ်၏ အရှေ့ဘက်နယ်နိမိတ်တွင် မြောက်မှတောင်သို့ စီးဆင်းနေသော စစ်တောင်း မြစ်တွင် ပေါ်ထွန်းနေသော သောင်များနှင့် မြစ်ကမ်းများ ရေတိုက်စားမှုအတွက် မည်သို့စီစဉ် ဆောင်ရွက်ထားရှိခြင်းနှင့် စစ်တောင်းမြစ်ကြောင်းတစ်လျှောက် ထိန်းသိမ်းပြုပြင်ရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | ရွှေပြည်သာမြို့နယ်ရှိ လှော်ကား-ဝါးတရာလမ်းမကြီး၏ လှော်ကားအောက်လမ်းဆုံမှ ဝါးတရာမြစ်ကမ်းအထိ လမ်းအပိုင်း (၁၃၄၅)ပေခန့်သည် ကားများပြေးဆွဲမရနိုင်လောက်အောင် ဆိုးရွားစွာ ပျက်စီးနေသဖြင့် ၂၀၁၈-၂၀၁၉ ဘတ်ဂျက်အတွင်း အမြန်ဆုံးပြုပြင်၍ YBS ခရီးသည်တင် Bus ကားများကို ဝါးတရာမှ စတင်၍ပြေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၇ | ငမိုးရိပ်ချောင်း ဖြတ်ကူးတံတား ကမာကြည်ဝဲယာရှိ ကျောက်၊ သဲဒိုင်ကြီးများအားအပြီးတိုင်ပိတ်သိမ်းခြင်း သို့မဟုတ် နေရာပြောင်းရွှေ့ခြင်းပြုလုပ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၈ | ကသာမြို့နယ်၊ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ ရဲနီဗျားချောင်း အောက်ခြေကြမ်းပြင်မြင့်တက်လာသောကြောင့် မြစ်ထဲသို့ ရေစီးမထွက်နိုင်တော့သဖြင့် ထိုချောင်းဖြတ်သန်းစီးဆင်းသော ဘွက်၊ ကူကာ၊ ဝက်တူးကျေးရွာအုပ်စုတို့ အပိုင်နယ်မြေတခွင်မှ ဧက ၂၅၀၀ ခန့် လယ်ယာမြေကွင်းကြီးမှာ ကွင်းရေပြန်မထွက်နိုင်တော့ဘဲ စိုက်မြေများ ပြန်မပေါ်တော့ရာ တောင်သူလယ်သမားအများအပြား လယ်ယာမြေ လုပ်ငန်းခွင်ပျောက်ကွယ်သွားပါ၍ ရဲနီဗျားချောင်းကြမ်းပြင်ကို ယန္တရားအင်အားဖြင့် သင့်လျော်သလို ပြန်လည်တူးဖော်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၅ |

၉ မြန်မာနိုင်ငံရှိ လူမှုကူညီရေးအသင်းအဖွဲ့များ အမှန်တကယ် အသုံးပြုနေသည့် မော်တော်ယာဉ်များ တရားဝင်အသုံးပြုခွင့်ရရှိရေးအတွက် ဖြေလျှော့ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များကို သိလိုခြင်းနှင့် နိဗ္ဗာန်ယာဉ်(HSE)ကဲ့သို့သော လိုင်စင်ခွင့်ပြုပေးနိုင်ရေးအတွက် မည်သည့် ကန့်သတ်ချက်များ သတ်မှတ်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း ၁၈

၁၀ ရန်ကုန်မြို့ရှိ ယာဉ်ကြောပိတ်ဆို့မှုပြဿနာနှင့် ကားပါကင် အခက်အခဲကိုဖြေရှင်းရန် မည်သို့ စီမံဆောင်ရွက်ထားသည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း ၂၂

၁၁ လားရှိုးမြို့ မြို့တွင်းမီးပွိုင့်တပ်ဆင်မှု၏ ဆက်စပ်မေးခွန်း ဖြေကြားချက်နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း ၂၅

၁၂ ဦးဇော်မင်းသိန်း၊ လေးမျက်နှာမဲဆန္ဒနယ်က တစ်နေ့တခြားများပြားလာသည့် ယာဉ်တိုက်ခိုက်မှုများကြောင့် နိုင်ငံတော်အားအကျိုးပြုမည့် လူသားအရင်းအမြစ်များ ထိခိုက်သေဆုံးမှု လျှော့ချနိုင်ရန် နိုင်ငံတော်အဆင့် အမျိုးသားယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (NRSC) ဖွဲ့စည်းပြီးဆောင်ရွက်နေသော်လည်း ပြည်သူများ လိုက်နာကျင့်သုံး ဆောင်ရွက်မှု ရလဒ်ကောင်းများရရှိမှုအားနည်းသည့်အပေါ် လက်တွေ့ကျသည့် လုပ်ဆောင်ချက်၊ လိုအပ်ချက်များ ဖြည့်ဆည်းကာ ပိုမိုအရှိန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း ၂၈

၁၃ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီက အစီအရင်ခံစာတင်ပြခြင်း ၃၆

၁၄ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၅၈

၁၅ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၆၃

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး

## အဋ္ဌမနေ့ အစီအစဉ်

## [ ၃၀–၁၁–၂၀၁၈ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဒေါက်တာဦးမြင့်သိန်း၊ ညောင်လေးပင် မဲဆန္ဒနယ်၏ **ညောင်လေးပင်မြို့နယ်၏ အရှေ့ဘက်နယ်နိမိတ်တွင် မြောက်မှတောင်သို့ စီးဆင်းနေသော စစ်တောင်းမြစ်တွင် ပေါ်ထွန်းနေသော သောင်များနှင့် မြစ်ကမ်းများ ရေတိုက်စားမှုအတွက် မည်သို့ စီစဉ်ဆောင်ရွက်ထားရှိခြင်းနှင့် စစ်တောင်းမြစ်ကြောင်းတစ်လျှောက် ထိန်းသိမ်းပြုပြင်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးဉာဏ်လင်း၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **ရွှေပြည်သာမြို့နယ်ရှိ လှော်ကား–ဝါးတရာလမ်းမကြီး၏ လှော်ကားအောက်လမ်းဆုံမှ ဝါးတရာမြစ်ကမ်းအထိ လမ်းအပိုင်း(၁၃၄၅)ပေခန့်သည် ကားများ ပြေးဆွဲမရနိုင်လောက်အောင် ဆိုးရွားစွာ ပျက်စီးနေသဖြင့် ၂၀၁၈–၂၀၁၉**

**ဘတ်ဂျက်အတွင်း အမြန်ဆုံးပြုပြင်၍ YBS ခရီးသည်တင် Bus ကားများကို ဝါးတရာမှ စတင်၍ ပြေးဆွဲပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးရွှေလှ(ခ)ဦးရွှေလှဝင်း၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **ငမိုးရိပ်ချောင်း ဖြတ်ကူးတံတား ကမာကြည်ဝဲယာရှိ ကျောက်၊ သဲဒိုင်ကြီးများအား အပြီးတိုင်ပိတ်သိမ်းခြင်း သို့မဟုတ် နေရာပြောင်းရွှေ့ခြင်းပြုလုပ်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးမြင့်ကြည်၊ ကသာ မဲဆန္ဒနယ်၏ **ကသာမြို့နယ်၊ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းရှိ ရဲနီဗျားချောင်း အောက်ခြေကြမ်းပြင် မြင့်တက်လာသောကြောင့် မြစ်ထဲသို့ ရေစီးမထွက်နိုင်တော့သဖြင့် ထိုချောင်း ဖြတ်သန်းစီးဆင်းသော ဘွက်၊ ကူကာ၊ ဝက်တူး ကျေးရွာ အုပ်စုတို့ အပိုင် နယ်မြေတခွင်မှ ဧက ၂၅၀၀ ခန့် လယ်ယာမြေ ကွင်းကြီးမှာ ကွင်းရေပြန်မထွက်နိုင်တော့ဘဲ စိုက်မြေများ ပြန်မပေါ်တော့ရာ တောင်သူလယ်သမားအများအပြား လယ်ယာမြေ လုပ်ငန်းခွင် ပျောက်ကွယ်သွားပါ၍ ရဲနီဗျားချောင်း ကြမ်းပြင်ကို ယန္တရား အင်အားဖြင့် သင့်လျော်သလို ပြန်လည်တူးဖော်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံရှိ လူမှုကူညီရေး အသင်းအဖွဲ့များ အမှန်တကယ် အသုံးပြုနေသည့် မော်တော်ယာဉ်များ တရားဝင်အသုံးပြုခွင့် ရရှိရေးအတွက်ဖြေလျှော့ ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များကို သိလိုခြင်းနှင့် နိဗ္ဗာန်ယာဉ် (HSE)ကဲ့သို့သော လိုင်စင်ခွင့်ပြုပေးနိုင်ရေးအတွက် မည်သည့် ကန့်သတ်ချက်များ သတ်မှတ်ထားသည်ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၏ **ရန်ကုန်မြို့ရှိ ယာဉ်ကြော ပိတ်ဆို့မှု ပြဿနာနှင့် ကားပါကင်အခက်အခဲကို ဖြေရှင်းရန် မည်သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါက်တာဦးစိုင်းမောက်ခမ်း၊ လားရှိုး မဲဆန္ဒနယ်၏ **လားရှိုးမြို့ မြို့တွင်းမီးပွိုင့် တပ်ဆင်မှု၏ ဆက်စပ်မေးခွန်း ဖြေကြားချက်နှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးဇော်မင်းသိန်း၊ လေးမျက်နှာ မဲဆန္ဒနယ်က **"တစ်နေ့တခြား များပြားလာသည့် ယာဉ်တိုက်ခိုက်မှုများကြောင့် နိုင်ငံတော်အား အကျိုးပြုမည့် လူသားအရင်းအမြစ်များ ထိခိုက်သေဆုံးမှု လျော့ချနိုင်ရန် နိုင်ငံတော်အဆင့် အမျိုးသားယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ (NRSC) ဖွဲ့စည်းပြီးဆောင်ရွက်နေသော်လည်း ပြည်သူများလိုက်နာ ကျင့်သုံးဆောင်ရွက်မှု ရလဒ်ကောင်းများရရှိမှု အားနည်းသည့်အပေါ် လက်တွေ့ကျသည့် လုပ်ဆောင်ချက်၊ လိုအပ်ချက်များ ဖြည့်ဆည်းကာ ပိုမိုအရှိန်မြှင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း။

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၉။ ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၀။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# အဋ္ဌမနေ့မှတ်တမ်း

## ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်
## (၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၄ ဦးရှိသည့်အနက် ၃၈၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၅၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဌမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၄ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၀ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၃၇ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊
(၂) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း ခွင့် ၁ ရက်၊
(၃) ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၁ ရက်၊
(၄) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ခွင့် ၁ ရက်၊
(၅) ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ခွင့် ၁ ရက်၊
(၆) ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)ဦးအတွတ် ခွင့် ၁ ရက်၊
(၇) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊
(၈) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် ခွင့် ၁ ရက်၊
(၉) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၁ ရက်၊
(၁၀) ကဝမဲဆန္ဒနယ်မှ ဦးလှသန်း ခွင့် ၁ ရက်၊
(၁၁) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်၊
(၁၂) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁ ရက်၊
(၁၃) မှော်ဘီမဲဆန္ဒနယ်မှ ဦးအောင်ဝင်း ခွင့် ၁ ရက်၊
(၁၄) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်၊
(၁၅) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊
(၁၆) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊
(၁၇) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊
(၁၈) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

**မူကြမ်း**

(၁၉) သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် ခွင့် ၁ ရက်၊
(၂၀) န္တားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၁ ရက်၊
(၂၁) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး ခွင့် ၁ ရက်၊
(၂၂) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၁ ရက်၊
(၂၃) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊
(၂၄) ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်း ခွင့် ၁ ရက်၊
(၂၅) ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ခွင့် ၁ ရက်၊
(၂၆) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး ခွင့် ၁ ရက်၊
(၂၇) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၁ ရက်၊
(၂၈) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊
(၂၉) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊
(၃၀) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို ခွင့် ၁ ရက်၊
(၃၁) ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ခွင့် ၁ ရက်၊
(၃၂) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ ခွင့် ၁ ရက်၊
(၃၃) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊
(၃၄) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၁ ရက်၊
(၃၅) ကျောက်တံခါးမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၁ ရက်၊
(၃၆) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၁ ရက်နှင့်
(၃၇) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၇ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၇ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၅၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၄ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၇ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၇ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၅၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**မူကြမ်း**

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ညောင်လေးပင်မြို့နယ်၏ အရှေ့ဘက်နယ်နိမိတ်တွင် မြောက်မှတောင်သို့ စီးဆင်းနေသော စစ်တောင်းမြစ်တွင် ပေါ်ထွန်းနေသော သောင်များနှင့် မြစ်ကမ်းများ ရေတိုက်စားမှုအတွက် မည်သို့စီစဉ်ဆောင်ရွက်ထားရှိခြင်းနှင့် စစ်တောင်းမြစ်ကြောင်းတစ်လျှောက် ထိန်းသိမ်းပြုပြင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာမြင့်သိန်း(ညောင်လေးပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်တောင်းမြစ်ကြောင်းပြုပြင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်းပြီး မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်အတွင်းက စတင်မြစ်ဖျားခံစီးဆင်းခဲ့တဲ့ ပေါင်းလောင်းမြစ်အတွင်းသို့ ပျဉ်းမနားမြို့နယ်၊ အေလာမြို့အနီးမှာ ချောင်းငယ်၊ မြစ်ငယ်တွေပေါင်းစုံ စီးဝင်ပြီးနောက်မှ စစ်တောင်းမြစ်ဖြစ်လာပါတယ်။ စစ်တောင်းမြစ်ဟာ တောင်ဘက်ကို မိုင်ပေါင်း ၂၆၀ ခန့် အရှည်နဲ့စီးဆင်းပြီး မုတ္တမပင်လယ်ကွေ့ထဲကို စီးဆင်းပါတယ်။ အခုလိုစီးဆင်းရာမှာ အရှေ့ဘက် ရှမ်းရိုးမနဲ့ အနောက်ဘက်ပဲခူးရိုးမတို့ကနေပြီးတော့ ချောင်းငယ်၊ မြစ်ငယ်တွေအများအပြားဟာ မြစ်လက်တက်များအဖြစ်နဲ့ စစ်တောင်းမြစ်အတွင်းကို စီးဝင်ကြပါတယ်။ ကျွန်တော်တို့ ညောင်လေးပင်မြို့နယ်မှာ မြို့နယ်ရဲ့မြောက်ဘက်အစွန်ဆုံးရွာ ရေတွင်းကုန်းကနေပြီးတော့ တောင်ဘက်အစွန်ဆုံးရွာ ထင်းကုန်းရွာအထိ မိုင်ပေါင်း ၃၀ ခန့်ကို အကွေ့အကောက်များစွာနဲ့ စီးဆင်းနေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလိုစီးဆင်းရာမှာ သဲသောင်များဖြစ်ထွန်းလာခြင်းကြောင့် ရေစီးကြောင်းပြောင်းလဲပြီး မြစ်အနောက်ဘက် ညောင်လေးပင်မြို့နယ်ဘက်ကမ်းကို ရေဦးတိုက်ပြီး ကမ်းပါးကိုရေတိုက်စားပါတယ်။ ကမ်းပါးများပြိုကျမှုကြောင့် တချို့ကျေးရွာများ ပြောင်းရွှေ့ကြရပါတယ်။ စိုက်ပျိုးမြေဧကများစွာ ဆုံးရှုံးရပါတယ်။ တခါ နဂိုဖို့ထားတဲ့တာများထိရေတိုက်စားလာတဲ့အခါမှာလည်း ရေလွှမ်းမိုးမှုကိုကာကွယ်နိုင်ရန်အတွက် ကမ်းတာများဖို့ရတဲ့အတွက် စိုက်ပျိုးမြေများ ဆုံးရှုံးရပြန်ပါတယ်။ ယခုလိုရေစီးကြောင်းပြောင်းလဲမှုများ ဆက်တိုက်ဖြစ်နေမယ်ဆိုရင် ညောင်လေးပင်မြို့နယ်အတွင်းမှာရှိတဲ့ လယ်မြေဧကပေါင်းများစွာဟာ ဆုံးရှုံးရမှာဖြစ်ပါတယ်။ ဒါ့အပြင်

**မူကြမ်း**

ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့နှင့် ရွှေကျင်မြို့တို့ကို ဆက်သွယ်ပေးထားတဲ့ စစ်တောင်းတံတားကြီးနဲ့ စစ်တောင်းမြစ်ရေစီးကြောင်းတို့ဟာလည်း တခြားစီဖြစ်သွားမယ့်အခြေအနေများလည်း ဖြစ်ပေါ်လာနိုင်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နှစ်ကာလကြာမြင့်လာတာနဲ့အမျှ မြစ်အတွင်းမှာ နုန်းအနည်များကျလာတဲ့အတွက်ကြောင့် မြစ်နဲ့ ရေထုဟာလည်း တိမ်လာတဲ့အတွက် မိုးအခါများမှာ ရေကြီးရေလျှံပြီးတော့ နွေအခါများကျတော့ လှေ၊ မော်တော်များ အသွားအလာခက်ခဲလာရပါတယ်။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ စစ်တောင်းမြစ်ဟာ ညောင်လေးပင်မြို့နယ်မှာ မိုင် ၃၀ ခန့် အကွေ့အကောက်များစွာနဲ့ စီးဆင်းရာမှာ မဒေါက်မြို့နေရာမှာ ပိုပြီးတော့ကွေ့ကောက်စွာ စီးဆင်းနေပါတယ်။ အခုလို ကွေ့ကောက်ပြီးစီးဆင်းတာကို ရေမြောင်းများဖောက်ပြီး ရေကြောင်းဖြောင့်စေတဲ့အခါမှာ တချို့နေရာတွေမှာ မြစ်ကျိုးအင်းများဖြစ်ပေါ်ပါတယ်။ မဒေါက်မြို့ မြောက်ဘက်နားမှာ သောင်ထွန်းနေတာဖြစ်ပါတယ်။ ဒီသောင်ကြောင့် မြစ်ကြောင်းဟာ စစ်တောင်းတံတားအောက်ဘက်ကို မစီးတော့ဘဲ မြားအပြာပြထားတဲ့အတိုင်း အနောက်ဘက်ညောင်လေးပင်ဘက်ကမ်းကို စီးနေပါတယ်။ သောင်ပြင်ကျယ်လာတာနဲ့အမျှ မြစ်ကြောင်းဟာလည်း ညောင်လေးပင်ဘက်ကိုပိုပြီး တိုးလာပါတယ်။ လမ်းကြောင်းပြောင်းလာတဲ့ရေစီးကြောင်းဟာ အရှိန်ကောင်းကောင်းနဲ့ ကမ်းပါးကိုတိုက်စားပစ်ပါတယ်။ အခုတိုက်စားထားတဲ့ကမ်းရဲ့အနောက်ဘက်မှာဖို့ထားတဲ့တာရှိပါတယ်။ ဒီတာနဲ့ရေစီးကြောင်းနဲ့ဟာ မဝေးတော့တဲ့အတွက် ၂၀၁၇ ခုနှစ်တုန်းက ကမ်းတာဖို့ထားရပါသေးတယ်။ မြစ်ရေတိုက်စားမှုကြောင့် ကျောင်းရွာမှာ ဇူလိုင်လက မြေပြိုကျတာမှာ ရွာစည်းရိုးနားကပ်နေပါပြီ။ ယနေ့အခါမှာတော့ စည်းရိုးနဲ့ရွာတစ်ဝက်လောက်က ရေထဲကိုပါသွားပြီဖြစ်ပါတယ်။ ရွာဘက်မှာကမ်းပြိုပြီး ရွာတစ်ဝက်လောက်ပါသွားပြီးတော့ မြစ်လယ်မှာတော့ သောင်ထွန်းနေပြီဖြစ်ပါတယ်။ ဇူလိုင်လအတွင်းကမိုးများတဲ့အခါမှာ ရေကြီးရေလျှံဖြစ်ပြီး မြစ်ရေတက်နေတဲ့ပုံပါ။ မဒေါက်မြို့အတွင်းကို ရေကြီးရေလျှံဖြစ်နေတဲ့ပုံပါ။ ရေကြီးစဉ်ဖို့ထားတဲ့တာကလည်း ရေအိကျလာတဲ့အခါမှာ သဲအိတ်များနဲ့ပြန်ပြီးဖို့နေရတာဖြစ်ပါတယ်။ ညောင်လေးပင်မြို့နယ်အတွင်းမှာ စစ်တောင်းမြစ်တစ်လျှောက်တည်ရှိနေတဲ့ကျေးရွာများ စိုက်ပျိုးမြေဧကဖြစ်ပါတယ်။ ဧကပေါင်း ၃၀၀၀၀ ကျော်ရှိပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဖော်ပြပါဖြစ်ရပ်များ စစ်တောင်းမြစ်တစ်လျှောက်မှာ တည်ရှိတဲ့ မြို့နယ်အများအပြားမှာလည်း ဖြစ်လျက်ရှိနေတာကို တွေ့မြင်ရပါတယ်။ သို့ဖြစ်ပါသောကြောင့် ညောင်လေးပင်မြို့နယ်၊ စစ်တောင်းမြစ်အတွင်းပေါ်ထွန်းနေသော သောင်များနှင့် မြစ်ကမ်းများရေတိုက်စားခြင်းများအတွက် မည်သို့စီစဉ်ဆောင်ရွက်ထားရှိခြင်းနှင့် နံပါတ်(၂) စစ်တောင်းမြစ်ကြောင်းတစ်လျှောက် ပြုပြင်ထိန်းသိမ်းရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါလျှင် မည်သည့်အချိန်အခါတွင် စတင်ဆောင်ရွက်ပါမည်ကို ပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ပြည်ထောင်စုစာရင်းစစ်ချုပ်နဲ့ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း၏ ညောင်လေးပင်မြို့၏အရှေ့ဘက်နယ်နိမိတ်တွင် မြောက်မှတောင်သို့ မိုင် ၃၀ ခန့် စီးဆင်းနေသော စစ်တောင်းမြစ်တွင် ပေါ်ထွန်းနေတဲ့ သောင်များနဲ့ မြစ်ကမ်းများ ရေတိုက်စားမှုအတွက် မည်သို့စီစဉ်ဆောင်ရွက်ထားခြင်းနှင့် စစ်တောင်းမြစ်ကြောင်းတစ်လျှောက် ထိန်းသိမ်းပြုပြင်ရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါလျှင် မည်သည့်အချိန်အခါတွင် စတင်ဆောင်ရွက်ပါမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပေါင်းစပ်ညှိနှိုင်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးမှ ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အတိုင်း ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်အရှေ့ဘက်နယ်နိမိတ်မှာ စီးဆင်းနေတဲ့စစ်တောင်းမြစ်ဟာ ဆိုရင် ရေလယ်သောင်တွေဖြစ်ထွန်းပြီး ရေစီးကြောင်းပြောင်းလဲမှုများကြောင့် ကမ်းပါးတစ်လျှောက် ကမ်းပါးများပြိုကျခြင်း၊ စိုက်ပျိုးမြေဧကများ ဆုံးရှုံးရခြင်းတို့ကို နှစ်စဉ်ဖြစ်ပေါ်လျက်ရှိသည်မှာ မှန်ကန်ပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ စစ်တောင်းမြစ်ကြောင်းတစ်လျှောက် ရေလမ်းကြောင်း ထိန်းသိမ်းပြုပြင်ရန် ၂၀၀၆ ခုနှစ်တွင် ကွင်းဆင်းတိုင်းတာ၍ ဆောင်ရွက်ရမည့် မြစ်ကြောင်းပြုပြင်ရေးအစီအမံများ ရေးဆွဲခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ အဆိုပါ ရေးဆွဲထားတဲ့အစီအမံတွေအရ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ ၂၀၀၇-၂၀၀၈ နှင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်များမှာ စစ်တောင်းမြစ်အတွင်း တောင်ငူမြို့နယ် ညောင်ပင်သာမြစ်ကွေ့နှင့် သဖန်းပင်မြစ်ကွေ့တို့ကိုလည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ဝေါမြို့နယ်၊ သူရဲသမိန်မြစ်ကွေ့ကိုလည်းကောင်း မြစ်ကွေ့ဖြတ်ခြင်းလုပ်ငန်းများအသီးသီး ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီလို စစ်တောင်းမြစ်အတွင်းဖြစ်ပေါ်နေတဲ့ မြစ်ကွေ့များကို ဖြတ်တောက်ခြင်းအားဖြင့် မြစ်ရေဟာဆိုရင် ဖြောင့်တန်းစွာစီးဆင်းသွားနိုင်တဲ့အတွက် သဲသောင်ဖြစ်ထွန်းခြင်းနှင့် ရေတိုက်စားကမ်းပြိုမှုများကို လျော့နည်းစေပြီး မြစ်ကွေးအထက်ပိုင်းမှာလည်း ရေကြီးရေလျှံမှုများကို လျော့နည်းသက်သာစေသည့်အကျိုးတရားများကို ရရှိနိုင်မှာ ဖြစ်ပါတယ်။

ထို့အပြင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကစတင်ပြီးတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ စစ်တောင်းမြစ်တစ်လျှောက် တောင်ငူမြို့နယ်၊ ဝေါမြို့နယ်၊ ဖြူးမြို့နယ်၊ အုတ်တွင်းမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ ရေတာရှည်မြို့နယ်၊ ရွှေကျင်မြို့နယ်နှင့် ကျောက်ကြီးမြို့နယ်တို့အတွင်းရှိ ကျေးရွာများအတွက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၁၈ ခုကို ပြည်ထောင်စုရန်ပုံငွေကျပ် ၁၂၃.၇၀၁ သန်း၊ တိုင်းဒေသကြီးရန်ပုံငွေကျပ် ၂၂၇၆.၅၂ သန်း စုစုပေါင်းကျပ် ၂၄၀၀.၂၃ သန်းဖြင့် ဆောင်ရွက်

ပေးခဲ့ပါတယ်။ ဒါကတော့ ၂၀၁၇-၂၀၁၈ မှာဆောင်ရွက်ပေးခဲ့တဲ့လုပ်ငန်းတွေ ဖြစ်ပါတယ်။ အခု တင်ပြတဲ့ပုံများကတော့ ဆောင်ရွက်ခဲ့တဲ့ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအနက် လုပ်ငန်းလေးခုကို ဆောင်ရွက်ထားတဲ့မှတ်တမ်းဓာတ်ပုံများကို ရွေးချယ်တင်ပြသွားမှာဖြစ်ပါတယ်။ ဒီပုံကတော့ ထန်းတပင်မြို့နယ်မှာ ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းဖြစ်ပါတယ်။ ဒီပုံကတော့ အုတ်တွင်းမြို့နယ်၊ အောင်ကြီး ကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ခဲ့တဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ညောင်လေးပင် မြို့နယ်၊ ကမ်းပြိုကာကွယ်ပေးရေး (က) ကျေးရွာ၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ထားတဲ့ မှတ်တမ်းဓာတ်ပုံများဖြစ်ပါတယ်။ ဒါကတော့ ကျောက်ကြီးမြို့နယ်၊ ဒိုးတန်းကျေးရွာ ယာယီကမ်းပြို ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားတဲ့မှတ်တမ်းဓာတ်ပုံလေးဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ စစ်တောင်းမြစ်အတွင်း ရေကြီးရေလျှံမှုလျော့ပါးစေရေးနဲ့ဆက်နွယ်တဲ့ကမ်းပြိုမှုများကို ကာကွယ်ဖို့ အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ကနေပြီးတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ ဆောင်ရွက် မယ့် ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ လုပ်ငန်းအစီအမံတွေကို တင်ပြထားတာ ဖြစ်ပါတယ်။ ဒီမှာဆိုရင် ညောင်လေးပင်ကတော့ ကွင်းဆင်းတိုင်းတာပြီးတော့ ရန်ပုံငွေတင်ပြသွားမယ့် အခြေအနေဖြစ်ပါတယ်။ ဒါကတော့ ၂၀၂၀-၂၀၂၁၊ ၂၀၂၁-၂၀၂၂ နှစ်တွေမှာ ဆက်လက်ဆောင်ရွက် သွားမယ့်လုပ်ငန်းတွေဖြစ်ပါတယ်။ စုစုပေါင်းဟာဆိုရင် သန်း ၆၇၀၄.၇၉၆ သန်း သုံးစွဲသွားမှာဖြစ် ကြောင်း ခန့်မှန်းလျာထားပါတယ်ခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်အတွင်း ဖြစ်ပေါ်နေတဲ့ သောင်ဖြစ်ထွန်းမှုများနဲ့ မြစ်ကမ်းပါးများတိုက်စားမှုအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံးမှ ပွင့်လင်းရာသီ မြစ်ရေကျဆင်းချိန် မှာ ကွင်းဆင်းတိုင်းတာစစ်ဆေးသွားမှာဖြစ်ပြီး တိုင်းတာရရှိတဲ့မြေပုံနှင့် ရေလမ်းကြောင်းဆိုင်ရာ အချက်အလက်များကို အခြေခံကာ ဆောင်ရွက်သင့်သည့်အခြေအနေပေါ်မူတည်ပြီးတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှု အခြေအနေပေါ်မူတည်ပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ စစ်တောင်းမြစ်ဝရှိ ပင်လယ်နဲ့ထိစပ် နေတဲ့ ကဝမြို့နယ်နဲ့ သနပ်ပင်မြို့နယ်တို့မှာ ရေတိုက်စားကမ်းပြိုမှုကာကွယ်နိုင်ရေးအတွက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအစည်းအဝေးသို့ တင်ပြခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင်လမှ စတင်၍ နယ်သာလန်နိုင်ငံ ARCADIS ကုမ္ပဏီမှ ပညာရှင်များ ကွင်းဆင်းစူးစမ်းလေ့လာလျက်ရှိပါ တယ်။

ဒါကတော့ ကျွန်တော်တို့ စစ်တောင်းမြစ်ဝ ဒီရေတိုက်စားမှုမှ ကာကွယ်နိုင်ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ကဝမြို့နယ်၊ တံတားဦးကျေးရွာကို ရေတိုက်စားမှုကာကွယ်နိုင်ရေးအတွက် (Concrete Pile Wave Breaker) အလျား ၃၀၀ မီတာကို ရေအရင်းအမြစ်နဲ့မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအနေဖြင့် (Pilot Project)အဖြစ် ဆောင်ရွက်သွားမှာဖြစ်ပြီး အဆိုပါလုပ်ငန်း အတွက် ခန့်မှန်းကုန်ကျစရိတ်ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ တင်ပြတောင်းခံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မူကြမ်း**

သို့ဖြစ်ပါ၍ စစ်တောင်းမြစ်ကြောင်းတစ်လျှောက် ထိန်းသိမ်းပြုပြင်ရေးအတွက် နိုင်ငံတော်အဆင့် မဟာဗျူဟာရေးဆွဲရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ညောင်လေးပင်မြို့နယ်အတွင်း စစ်တောင်းမြစ်တွင်ပေါ်ထွန်းနေသော သောင်များနှင့် မြစ်ကမ်းများ ရေတိုက်စားမှုမှကာကွယ်ရန် ကွင်းဆင်းတိုင်းတာစစ်ဆေးပြီး ဆောင်ရွက်သင့်တဲ့လုပ်ငန်းများအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရွှေပြည်သာမြို့နယ်ရှိ လှော်ကား-ဝါးတရာလမ်းမကြီး၏ လှော်ကားအောက်လမ်းဆုံမှ ဝါးတရာမြစ်ကမ်းအထိ လမ်းအပိုင်း (၁၃၄၅)ပေခန့်သည် ကားများပြေးဆွဲမရနိုင်လောက်အောင် ဆိုးရွားစွာပျက်စီးနေသဖြင့် ၂၀၁၈-၂၀၁၉ ဘတ်ဂျက်အတွင်း အမြန်ဆုံးပြုပြင်၍ YBS ခရီးသည်တင် Bus ကားများကို ဝါးတရာမှ စတင်၍ပြေးဆွဲပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်လင်း(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာတရားတော်နှင့်အညီ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေသခံပြည်သူများ၏ သွားလာရေးခက်ခဲရာမှ ခရီးစရိတ်ထောင်းပြီးတော့ စားဝတ်နေရေးအကျပ်အတည်းဖြစ်သည်ထိ နှစ်ရှည်လများတွေ့ကြုံခံစားနေရသော ဒုက္ခများကြောင့် ရွှေပြည်သာမြို့နယ်ရှိ လှော်ကား-ဝါးတရာလမ်းမကြီး လှော်ကားအောက်လမ်းဆုံမှ ဝါးတရာမြစ်ကမ်းထိ လမ်းအပိုင်း ၁၃၄၅ ပေခန့်သည် ကားများပြေးဆွဲမရနိုင်လောက်အောင် ဆိုးရွားပျက်စီးနေသဖြင့် ၂၀၁၈-၂၀၁၉ ဘတ်ဂျက်အတွင်း အမြန်ဆုံးပြုပြင်၍ YBS ခရီးသည်တင် Bus ကားများကို ဝါးတရာမှ စတင်၍ပြေးဆွဲပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကို ၂၀၁၈-၂၀၁၉ ခုနှစ်ဘတ်ဂျက်အမီ အဌမအကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သော်လည်း သက်ဆိုင်ရာ၏ဥပဒေနှင့်မညီ နှောင့်နှေးကြန့်ကြာနေမှုကြောင့် ယခုမေးမြန်းခွင့်ရသဖြင့် ၂၀၁၈-၂၀၁၉ ခုနှစ် နောက်တိုးဘတ်ဂျက်ကိုသာ အားကိုးတင်ပြမည်ဖြစ်ပါ၍ ဒေသခံပြည်သူများအတွက် ဥပဒေနှင့်အညီ အချိန်မီတင်ပြခွင့်ဆုံးရှုံးလျက်ရှိကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးသိရှိပြီး ညှိနှိုင်းလမ်းညွှန်ဆောင်ရွက်ပေးနိုင်ပါရန် ပဏာမအနေဖြင့် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဤမေးခွန်းနှင့်သက်ဆိုင်သည့် အခြေအနေအရပ်ရပ်ကို Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ယခုပြသသည့်ပုံများကတော့ ဒေသခံပြည်သူများ၏ တောင်းဆိုချက်အရ လှော်ကားအောက်လမ်းဆုံမှ လင်ကွန်းကျေးရွာ ၂၀ ရပ်ကွက်အထိ YBS ကားများကို အနည်းငယ်တိုးချဲ့ပြေးဆွဲရာတွင် ကားလမ်းများမည်မျှဆိုးဆိုးဝါးဝါးပျက်စီးနေသည်ကို ပြသထားသည့် ပုံများဖြစ်ပါတယ်။ တချို့ Bus ကားများမှာ ကားချို့ယွင်းပျက်စီးမှုများကြောင့် လင်ကွန်းထိ ရောက်အောင်မပြေးနိုင်တော့ဘဲ လှော်ကားလမ်းဆုံမှ ပြန်လှည့်သွားသည်ကများပါတယ်။ ထို့ကြောင့်

ဒေသခံပြည်သူများက ပေးကားပေး၏ မရဆိုသလို သွားလာရေးဒုက္ခများကိုခံစားနေရပါတယ်။ လင်ကွန်းမှ Bus ကားဆက်မသွားနိုင်သည့် သိမ်ကုန်းကျေးရွာ၊ သစ်အခြေခံစက်မှုဇုန် ၂၂ ရပ်ကွက်၊ ဝါးတရာစက်မှုဇုန်နှင့် ဝါးတရာကျေးရွာအထိ ကျန်လမ်းအပိုင်းမှာ လုံးဝနီးပါးပျက်စီးနေသဖြင့် Bus ကားများ မပြေးဆွဲနိုင်သည်မှာ နှစ်နှစ်ကျော်ခန့်ရှိပြီဖြစ်ပါတယ်။ ဘုရားလေးရာ ဖရုံဆင့်ဆိုသလို ထိုသို့ Bus ကားများ မပြေးဆွဲနိုင်သည့်ကြားကနေပြီးတော့ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ မြန်မာပြည်အနှံ့သစ်တောများမှ ဧရာဝတီမြစ်၊ သန်မြစ်ကြောင်းတို့အတိုင်း မျှောလာပြီး ဝါးတရာမြစ်ဆိပ်တွင် စုပုံ၍ ပြည်ပပို့ကုန်နှင့် သစ်အချောထည်များထုတ်လုပ်ရန် ၁၂ ဘီးကားကြီးများဖြင့် သစ်စက်အသီးသီးသို့ပေးပို့ပါတယ်။ လမ်းမှာ ကားကြီးမောင်းမရတော့ ကားလတ်များဖြင့် တင်ပို့နေသည်ကိုလည်း Power Point မှာတွေ့ရှိနိုင်ပါတယ်။ ဝါးတရာမြစ်ဆိပ်တွင် သစ်များစုပုံထားသည်ကိုလည်းကောင်း ပုံများတွင်တွေ့ရှိနိုင်ပါတယ်။ ထို့အပြင် နိုင်ငံတော်စီးပွားရေးအဆောက်အအုံ (Infrastructure)များအတွက် သဲ၊ ကျောက်များကိုလည်း လှိုင်မြစ်မှအကြီးအကျယ်စုပ်ယူ၍ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါတယ်။ ကားကြီးကားငယ်အသွယ်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိသောကြောင့် လမ်းများဟာ ပိုမိုပျက်စီးနေတဲ့အတွက်ကြောင့်မိုလို့ ဒီလမ်းများကို အမြန်ပြုပြင်ရန် လိုအပ်လျက်ရှိကြောင်းတင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောရေးရာဝန်ကြီးဌာန၏ မြန်မာ့သစ်လုပ်ငန်းမှလည်း ပြည်ထောင်စုတစ်ရပ်လုံးအတွက် ဆောင်ရွက်နေတဲ့အတွက်ကြောင့် ဒီကိစ္စကို ရန်ကုန်တိုင်းဒေသကြီးဘတ်ဂျက်တွင်မကဘဲနဲ့ ပြည်ထောင်စုဘတ်ဂျက်မှပါ လိုအပ်လျှင်ပံ့ပိုးဆောင်ရွက်ပေးရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုသို့ပျက်စီးနေသောလမ်းအပိုင်းကို ကောင်းမွန်အောင် မဆောင်ရွက်နိုင်သည်မှာ နှစ်နှစ်ကျော်ကာလတွင် ဝါးတရာ အ.လ.က(၅)၊ အ.ထ.က(ခွဲ)သို့ နေ့စဉ်လာရောက်၍ အသွားအပြန်ပြုလုပ်နေရသော ဆရာဆရာမများ၊ ကျောင်းသူကျောင်းသားများ၊ စက်မှုဇုန်လုပ်သားများနှင့် ဒေသခံပြည်သူများသည် ဆိုင်ကယ်ကယ်ရီများကိုငှားပြီးအသုံးပြုရပါတယ်။ အသွားအပြန်တစ်ထောင်ကျပ်ကုန်ပါတယ်။ အများစုမှာ အခြေခံလုပ်သားများဖြစ်ပြီးတော့ လစာက ၄၈၀၀ ကျပ်ပဲရပါတယ်။ ကျောင်းသား နှစ်ယောက်၊ သုံးယောက်ရှိတယ်ဆိုလို့ရှိရင် မိသားစုစားဝတ်နေရေးကို ကန်စွန်းရွက်နှင့် ငါးပိရည်၊ တို့စရာတောင်အနိုင်နိုင်စားသောက်နေရတဲ့ဘဝကို ရောက်ရှိနေပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စကိုကျွန်တော်တို့ အလေးအနက်ထားပြီးတဲ့အခါကျတော့ ပြုပြင်ပေးဖို့လိုအပ်နေပါတယ်။

မိုးအခါမှာဆိုလို့ရှိရင်လည်း ရွှံ့ရေ၊ ဗွက်ရေတွေဆိုရှဲပြီးတော့ ဆောင်းနဲ့နွေရာသီမှာဆိုရင် ဖုန်အလိမ်းလိမ်းနဲ့ လူတွေဟာဆိုရင် ဒုက္ခအကြီးအကျယ်ခံစားနေရပါတယ်။ ဒါကြောင့်မို့လို့ မိုးကာလမရောက်ခင် ဒီလမ်းအပိုင်းကို ပြင်ဆင်ပေးဖို့အထူးလိုအပ်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မိဘပြည်သူများရဲ့လိုအပ်ချက်အပေါ်မှာ မူတည်ပြီးတဲ့အခါကျတော့ အဆောတလျင်လုပ်ရမယ့်ကိစ္စကို အဆောတလျင်ဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်သူများရဲ့ဒုက္ခဟာ ကင်းဝေးမှာပါလို့ တင်ပြဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း၏ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်ရှိ လှော်ကား-ဝါးတရာလမ်းမကြီး၏ လှော်ကားအောက်လမ်းဆုံမှ ဝါးတရာမြစ်ကမ်းအထိ လမ်းအပိုင်း ၁၃၄၅ ပေခန့်သည် ကားများပြေးဆွဲမရနိုင်လောက်အောင် ဆိုးရွားစွာပျက်စီးနေသဖြင့် ခရီးသည် Bus ကားများ မပြေးဆွဲနိုင်သောကြောင့် ကျောင်းသူကျောင်းသားများ၊ အလုပ်သမားများနှင့် ဆရာဆရာမများသည် သွားလာရေးခက်ခဲပြီး ခရီးစရိတ်များပိုမိုကုန်ကျကာ ပညာရေး၊ ကျန်းမာရေးနှင့် စားဝတ်နေရေးကိုပင် လွန်စွာထိခိုက်နေပါသဖြင့် ၂၀၁၈-၂၀၁၉ ဘတ်ဂျက်အတွင်း ထိုပျက်စီးနေတဲ့ လမ်းပိုင်းကိုအမြန်ဆုံးပြုပြင်၍ YBS ခရီးသည်တင် Bus ကားများကို ယခင်ကကဲ့သို့ ဝါးတရာမှစတင်၍ ပြေးဆွဲပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော်က ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းချက်အပေါ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်အရ ရွှေပြည်သာမြို့နယ်ရှိ ဝါးတရာလမ်းမကြီးမှာ အမှတ်(၄)လမ်းမကြီးမှ ဝါးတရာတော်ဝင်သစ်စက်အထိ ပေ ၁၉၀၀၀ ရှိပြီး သစ်အခြေခံစက်မှုဇုန်မှ သစ်လုံးကားများ၊ ဆိပ်ကမ်းသာလမ်းမှ သဲကား၊ ကျောက်ကားများ၊ ဆီ Bowser ကားကြီးများ နေ့စဉ်ဖြတ်သန်းသွားလာမှုများကြောင့် ပျက်စီးမှုများ များပြားလာရခြင်းဖြစ်ပါတယ်။ ဝါးတရာလမ်းမကြီးကို ကွန်ကရစ်လမ်းအဖြစ် ပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် ဘဏ္ဍာရေးနှစ်များအလိုက် ဘဏ္ဍာငွေရရှိမည့်အပေါ်မူတည်၍ ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သီရိရတနာလမ်းနှင့် ရထားသံလမ်းကြားကို အလျားပေ ၃၀၀၀၊ အကျယ် ၂၄ ပေ၊ ၁၁ လက်မထု ကွန်ကရစ်လမ်းအဖြစ်လည်းကောင်း၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ဘဏ္ဍာရေးကာလမှ မီးရထားသံလမ်းနှင့် အမှတ်(၄)လမ်းကြားကို အလျား ၂၈၅၀ ပေ၊ အကျယ် ၂၄ ပေ၊ ၁၁ လက်မထု ကွန်ကရစ်လမ်းအဖြစ်လည်းကောင်း အသီးသီး ပြုပြင်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီအပိုင်းနှစ်ပိုင်းကဆိုရင် ပုံမှာပြထားတဲ့ နံ့သာရောင်ခြယ်ထားတဲ့ အပိုင်းများဖြစ်ပါတယ်။ လှော်ကား-ဝါးတရာလမ်းမကြီး ကျန်ရှိတဲ့လမ်းအပိုင်းကို ဆက်လက်ပြုပြင်ဆောင်ရွက်နိုင်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် စီမံကိန်းထပ်တိုးလျာထားချက်တွင် ထည့်သွင်းလျာထားတင်ပြခဲ့သော်လည်း ဘဏ္ဍာငွေလုံလောက်မှုမရှိသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် သီရိရတနာလမ်းမှ သိမ်ချောင်းချောင်းအထိ ပေ ၆၉၀၀ ကိုလည်းကောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ သိမ်ချောင်းမှ တော်ဝင်သစ်စက်အထိ ပေ ၅၉၀၀ ကိုလည်းကောင်း၊ အကျယ် ၂၄ ပေ၊ ၁၁ လက်မထု ကွန်ကရစ်လမ်းအဖြစ် အသီးသီးပြုပြင်ဆောင်ရွက်နိုင်ရန် ဘဏ္ဍာငွေလျာထားပေးသွားမှာဖြစ်ပါတယ်။ အပြာရောင်နဲ့ ခရမ်းရောင်ခြယ်ထားတဲ့လမ်းပိုင်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ လှော်ကား-ဝါးတရာလမ်းမကြီးမှာ YBS ခရီးသည်တင် Bus ကား

များ ပြေးဆွဲရေးကိစ္စနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၊ သယ်ယူပို့ဆောင်ရေးကြီးကြပ်မှု အာဏာပိုင်အဖွဲ့၏ အစီအစဉ်ဖြင့်သာ ဆောင်ရွက်မှာဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဉာဏ်လင်း(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းမေးမြန်းခွင့် ပြုရန် တင်ပြအပ်ပါတယ်။ အခု ကျွန်တော်တို့ ဒုတိယဝန်ကြီးဖြေသွားတဲ့အထဲမှာ လှော်ကား အောက်လမ်းဆုံကနေ တော်ဝင်သစ်စက်ထိပဲ ပြောပါတယ်။ တကယ်တော့ တော်ဝင်သစ်စက်ကနေ ပြီးတော့ Bus ကားဂိတ်စဆွဲတဲ့ ဝါးတရာမြစ်ကမ်းထိ ပေ ၅၀၀ ကျော်ရှိနေပါတယ်။ ဒီကိစ္စကဆိုလို့ ရှိရင်လည်း အကြုံးဝင်အောင်ပြောသွားခြင်းမရှိပါဘူး။ ဒီကိစ္စတွေကိုလည်း ဖြေကြားပေးစေလိုပါတယ်။ နောက်တစ်ခုက အသုံးပြုနေတာကဆိုရင် ရန်ကုန်တိုင်းဒေသကြီးတစ်ခုတည်းမဟုတ်ဘဲနဲ့ စောစောက ကျွန်တော်မေးတဲ့ မေးခွန်းထဲမှာလည်းပါပါတယ်။ ရန်ကုန်တိုင်းဒေသကြီးတစ်ခုတည်း သုံးတာမဟုတ် ဘဲနဲ့ မြန်မာပြည်အနှံ့သစ်တောတွေကနေပြီးတော့ သစ်တွေကို ဧရာဝတီမြစ်၊ ဧရာဝတီမြစ်ကနေ လှိုင်မြစ် မျှောပြီးတော့ ဝါးတရာသစ်ဆိပ်မှာပုံတယ်။ သစ်စက်ကြီးရှိတယ်။ ဒီကနေမှ ကျွန်တော်တို့ သစ်လုံးတွေရော၊ သစ်အချောထည်တွေရော မြစ်ဆိပ်ထိကို Export အတွက်သော်လည်းကောင်း၊ မြန်မာနိုင်ငံတစ်နိုင်ငံလုံးအတွက်သော်လည်းကောင်း ဖြန့်ဖြူးနေပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စု တစ်ခုလုံးရဲ့အကျိုးစီးပွားပါ ပါဝင်နေတဲ့ကိစ္စမှာ နောက်ပြီးတော့ ဒေသခံပြည်သူများနဲ့လည်း ဒီလောက် ကျွန်တော်တင်ပြသလို အမှန်တကယ်ဒုက္ခဆင်းရဲရောက်နေတဲ့အချိန်ကာလမှာ ကျွန်တော်တို့က ဖြစ်နိုင်လို့ရှိရင် ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာ ပြည်သူလူထုကို ထောက်ထားညှာတာစွာနဲ့ တတ်နိုင် သလောက်ကိုခင်းပေးဖို့ ဒါလေးကို ကျွန်တော့်အနေနဲ့ ဆက်စပ်မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား လာရောက်ဖြေကြားခြင်းဖြစ်ပါတယ်။ ဒါကြောင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနအနေနဲ့ ဖြေကြားပေးနိုင်မယ်ဆိုရင် ဖြေကြားပေးပါ။ ဒါမှမဟုတ်ရင် နောက်ပိုင်းမှ လေ့လာပြီး ပြန်လည်ဖြေကြားမယ်ဆိုရင်လည်း ခွင့်ပြုနိုင်ပါတယ်။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့ပါ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ဆက်စပ်မေးခွန်းကတော့ ဥက္ကဋ္ဌကြီးပြောသွားသလို ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဖြေကြားတဲ့အတွက်ကို ကျွန်တော့်အနေနဲ့ ဒီချိန်မှာတော့ ကျွန်တော် ဖြေကြားပေး၍ရနိုင်မှာမဟုတ်ပါဘူး။ ဒါပေမဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ် မေးခွန်းကို ကျွန်တော်တို့က လုပ်ထုံးလုပ်နည်းနှင့်အညီ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ပြန်လည် ပေးပို့ပြီးတော့ သူတို့ရဲ့အဖြေကို ပြန်လည်ရယူနိုင်မှာဖြစ်ပါတယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ ဒါ ရန်ကုန်တိုင်းဒေသကြီးတစ်ခုတည်းနဲ့မသက်ဆိုင်ဘူး။ ကျန်တဲ့ ပြည်ထောင်စုလုပ်ငန်း နဲ့သက်ဆိုင်တယ်ဆိုတဲ့ ကိစ္စကလည်း ဒါ ရန်ကုန်တိုင်းဒေကြီးရဲ့ စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ လမ်းဖြစ်တဲ့အတွက် ဒါကလည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့လည်း သက်ဆိုင်ရာ

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းတွေနဲ့ ဆက်လက်ညှိနှိုင်းသွားရမယ်လို့ ကျွန်တော်ယူဆပါတယ်။ ကျေးဇူးတင်ပါတယ်။

**ငမိုးရိပ်ချောင်း ဖြတ်ကူးတံတား ကမာကြည်ဝဲယာရှိ ကျောက်၊ သဲဒိုင်ကြီးများအားအပြီးတိုင်ပိတ်သိမ်းခြင်း သို့မဟုတ် နေရာပြောင်းရွှေ့ခြင်းပြုလုပ်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ဦးရွှေလှဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရွှေလှ(ခ)ဦးရွှေလှဝင်း(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှ(ခ)ဦးရွှေလှဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ငမိုးရိပ်ချောင်းဖြတ်ကူးတံတား ကမာကြည်ဝဲယာရှိ ကျောက်၊ သဲဒိုင်ကြီးများကို အပြီးတိုင်ပိတ်သိမ်းခြင်း သို့မဟုတ် နေရာရွှေ့ပြောင်းခြင်းပြုလုပ်ရန် အစီအစဉ်ရှိ/မရှိမေးခွန်းဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ်နှင့် သကေတမြို့နယ်တို့ကို ဆက်သွယ်ထားတဲ့ ငမိုးရိပ်ချောင်းဖြတ်ကူးတံတားကမာကြည်ဝဲယာမှာကပ်လျက် ကျောက်သဲဒိုင်ကြီးများ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ ကျောက်နှင့်သဲများတင်ဆောင်တဲ့ သင်္ဘောများ အဝင်/အထွက်၊ အတင်/အချ နေ့ညအဆက်မပြတ် ပြုလုပ်နေခြင်းကြောင့် ငမိုးရိပ်ချောင်းရေကြောင်းပြောင်းလဲခြင်း၊ ကမ်းပါးပြိုခြင်းများဖြစ်ပေါ်လျက်ရှိပါတယ်။ အထူးသဖြင့် ကမာကြည်တံတား အောက်ခြေကြံ့ခိုင်မှုကို စိန်ခေါ်လျက်ရှိပါတယ်။ ဒါ့အပြင် ကျောက်သဲဒိုင်လုပ်ငန်းများဆောင်ရွက်ခွင့်ရသူများဟာ ငမိုးရိပ်ချောင်းတံတားတာဘောင်ကြီးများကို ပိုင်းဖြတ်မြေညှိဆောင်ရွက်ခြင်း၊ ဒီရေအဝင်/အထွက်စီးဆင်းနိုင်ရန်ပြုလုပ်ထားသော ရေမြောင်းများကို ဖြတ်တောက်ပိတ်ဆို့ခြင်း၊ ကားလမ်းပိတ်ဆို့ခြင်းများကိုလည်း ပြုလုပ်လာကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျောက်၊ သဲဒိုင်များ တည်ရှိတဲ့ရပ်ကွက်ဟာ နိုင်ငံတော်အဆင့် တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ အငြိမ်းစားအရာရှိကြီးများ၊ အငြိမ်းစားသံအမတ်ကြီးများ၊ အငြိမ်းစားညွှန်/ချုပ်ကြီးများနှင့် စီးပွားရေးပညာရှင်များ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်များကို နေရာချပေးထားတဲ့ရပ်ကွက်ဖြစ်ပါတယ်။ ကျောက်တင်သယ်ချအလုပ်သမား ၁၀၀ ကျော်ခန့်ဟာ နေ့စဉ်အတင်အချပြုလုပ်နေတဲ့အတွက် အော်ဟစ်ဆူညံသံများဟာ ပတ်ဝန်းကျင်ရပ်ကွက်ပြည်သူများကို စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ ကျောက်သဲဒိုင်အတွင်း ဖွင့်လှစ်ရောင်းချနေတဲ့ အရက်ဆိုင်၊ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များကြောင့် ပြဿနာများပိုမိုရှုပ်ထွေးဖြစ်ပေါ်လျက်ရှိခြင်း၊ မြို့နယ်ပေါင်းစုံမှလာရောက်လုပ်ကိုင်နေကြသော သူများကြောင့် ရပ်ကွက်အတွင်းလုံခြုံရေးစိစစ်ထိန်းချုပ်ရန် ခက်ခဲခြင်းစတဲ့ ဆိုးကျိုးများကို ရပ်ကွက်ပြည်သူများ ခံစားနေကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ သယ်န်းကျွန်းနှင့်သာကေတကို ဆက်သွယ်ထားတဲ့ ကမာကြည်တံတားဖြစ်ပါတယ်။ ဒါကတော့ တံတားရဲ့ဘေးတန်းမှာကပ်တဲ့ကပ်လျက်ရှိတဲ့ ကျောက်၊ သဲဒိုင်ဖြစ်ပါတယ်။ ကျောက်၊ သဲဒိုင်ရဲ့ဘေးနားမှာလည်းပဲ

လူနေဖို့အတွက် သူတို့ အဆောက်အဦတွေ အခိုင်အမာဆောက်လုပ်ထားပါတယ်။ ဒါကတော့ ကျွန်တော်တို့ ကျောက်၊ သဲဒိုင်မှာရှိတဲ့ အခိုင်အမာဆောက်လုပ်ထားတဲ့ အရက်ဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေ၊ စားသောက်ဆိုင်တွေရဲ့ ပုံတွေဖြစ်ပါတယ်။ ဒါကလည်း သဲဒိုင်တွေရဲ့ပုံဖြစ်ပါ တယ်။ ဒါကတော့ သဃ်န်းကျွန်းနဲ့ ဒဂုံမြို့သစ်(တောင်ပိုင်း)ကို အခု ဖြတ်ကူးတည်ဆောက်ထားတဲ့ တံတားအသစ်ဖြစ်ပါတယ်။ တံတားအသစ်က ပြီးပါတော့မယ်။ မဖွင့်ရသေးပါဘူး။ ဒါပေမဲ့ ကျောက်၊ သဲဒိုင်တွေကတော့ နေရာယူထားကြပါပြီ။ ဒါကတော့ ငမိုးရိပ်ချောင်းရဲ့ဝဲ၊ ယာမှာရှိတဲ့ ဘယ်ဘက်အခြမ်းဟာ သဃ်န်းကျွန်းမြို့နယ်ဖြစ်ပါတယ်။ ညာဘက်အခြမ်းဟာ သာကေတမြို့နယ်ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဘယ်ဘက်အခြမ်းမှာရှိတဲ့ သဃ်န်းကျွန်းမြို့နယ်ရဲ့ တံတားနဲ့အင်မတန်နီးကပ်တဲ့နေရာ အဲဒီမှာပေနဲ့လည်း ပြထားပါတယ်။ ပေ ၁၅၀ ပတ်ဝန်းကျင်မှာပဲ ကျောက်၊ သဲဒိုင်ကြီးလေးဒိုင် အဲဒီမှာ ရှိပါတယ်။ အဲဒီမှာ အဲဒီသင်္ဘောကြီးတွေ နေ့ညအဆက်မပြတ် ဥဒဲလျှိုသွားလာနေတဲ့အတွက် ဒီတံတားကြီးအတွက် အန္တရာယ်ရှိပါတယ်ခင်ဗျား။ ဒါကတော့ ရပ်ကွက်ပြည်သူတွေကနေပြီးတော့ ဒီကျောက်၊ သဲဒိုင်တွေကို မလိုလားတဲ့အတွက် ဆန္ဒပြတဲ့လက်မှတ်တွေနဲ့ ကျွန်တော့်ဆီကို တိုင်တန်းထားတဲ့စာတွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ငမိုးရိပ်ချောင်းဖြတ်ကူးတံတား ကမာကြည်ရဲ့ဝဲ၊ ယာမှာရှိတဲ့ ကျောက်၊ သဲဒိုင်ကြီးတွေကို အပြီးတိုင်ပိတ်သိမ်းခြင်း သို့မဟုတ် နေရာရွှေ့ပြောင်းခြင်း ပြုလုပ်ရန်အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှ (ခ) ဦးရွှေလှဝင်း၏ ငမိုးရိပ်ချောင်းဖြတ်ကူးတံတား ကမာကြည်ဝဲ၊ ယာရှိ ကျောက်၊ သဲဒိုင်ကြီးများအား အပြီးတိုင်ပိတ်သိမ်းခြင်း သို့မဟုတ် နေရာပြောင်းရွှေ့ခြင်းပြုလုပ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းအပေါ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော်က ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။ ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်း မြစ်၊ ချောင်းကမ်းများမှာ အုတ်၊ သဲ၊ ကျောက် အစရှိတဲ့ ပစ္စည်းများ စုပုံခြင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ၂၆-၃-၁၉၉၇ ရက်နေ့မှာ ထုတ်ပြန်တဲ့ အမိန့်အမှတ်(၁/၉၇)အရ ယာယီစုပုံခွင့်ကို ကော်မတီကသာ ခွင့်ပြုခဲ့ပါတယ်။ စုပုံမယ့် ပုဂ္ဂိုလ်ကလည်း မြေနေရာကိုငှားရမ်း၍ဖြစ်စေ၊ မိမိပိုင်မြေဖြစ်စေ စုပုံရန်မြေနေရာလိုအပ်မှာဖြစ်တဲ့အတွက် မြေနေရာရရှိမှသာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ ယာယီစုပုံခွင့် လျှောက်ထားပြီး စုပုံခွင့်ရရှိပြီးမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကိုပဲ လုပ်ငန်းလိုင်စင် လျှောက်ထားရတာဖြစ်ပါတယ်။

၂၀၀၆ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေနဲ့ ၂၀၁၃ ခုနှစ်မှာပြဋ္ဌာန်းခဲ့တဲ့ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေအရ ကမ်းပါးနယ်၊

ကမ်းနားနယ်အတွင်း သဲများ၊ ကျောက်များနဲ့ အခြားလေးလံတဲ့အရာဝတ္ထုများ စုပုံခြင်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိစစ်ခွင့်ပြုရမည်ဖြစ်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ခွင့်ပြုထားတဲ့ ကမ်းနားနယ် စုပုံလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂၆/၂၀၁၃)ရဲ့ ဆုံးဖြတ်ချက်အရ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို လွှဲပြောင်းပေးခဲ့ပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ စုပုံခွင့်ရရှိတဲ့လုပ်ငန်းများကို လုပ်ငန်းလိုင်စင်ခွင့်ပြုပေးခြင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းမှာပါရှိတဲ့ သဃ်န်းကျွန်းမြို့နယ် ကမာကြည် တံတားဝဲ၊ ယာမှာ ကမ်းနားနယ်စုပုံလုပ်ငန်းလေးခုရှိပါတယ်။ အဲဒီလုပ်ငန်းလေးခုအနက် ကမာကြည် တံတားနယ်အတွင်းကျရောက်သည့်စုပုံလုပ်ငန်းများဖြစ်တဲ့ ဦးမြင့်အောင်နဲ့ ဦးညီညီဇော်အေးတို့ကို သက်ဆိုင်ရာတံတားစီမံခန့်ခွဲသည့်ဌာန၏ မြေအသုံးပြုခွင့်ကို တင်ပြနိုင်ခြင်းမရှိသည့်အတွက် ကမ်းနားနယ်စုပုံလုပ်ငန်း ခွင့်ပြုခဲ့ခြင်းမရှိပါ။ ကျန်လုပ်ငန်းရှင်နှစ်ဦးဖြစ်တဲ့ ဦးသောင်းနှင့် ဒေါ်ဥမ္မာလှိုင်တို့ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်နဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တို့မှာ ကမ်းနားနယ်စုပုံခွင့် ပြုခဲ့သော်လည်း ဒေသခံများရဲ့ကန့်ကွက်မှုကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစတင်၍ ကမ်းနားနယ်စုပုံခွင့်ကို သက်တမ်းတိုးပေးခဲ့ခြင်းမရှိပါ။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ၁၉-၁-၂၀၁၇ ရက်နေ့မှာ ကမာကြည်တံတားရှိတဲ့ မြစ်၊ သဲကျောက်စုပုံလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ ခွင့်ပြုခြင်းမပြုရန်လမ်းညွှန်ချက်အရ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ ကမာကြည်တံတားရှိ စုပုံလုပ်ငန်းများကို ဖယ်ရှားရန်အကြောင်းကြားခဲ့သော်လည်း လိုက်နာခြင်းမရှိသည် ဦးသောင်း၊ ဦးမြင့်အောင်နှင့် ဦးညီညီဇော်အေးတို့ကို ၁၈-၈-၂၀၁၇ ရက်နေ့မှာ သုဝဏ္ဏရဲစခန်းမှာ အမှုဖွင့်အရေးယူခဲ့ပါတယ်။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၂ ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားသဖြင့် ပုဒ်မ ၂၇ အရ ဒဏ်ငွေ ၅ သိန်းပေးဆောင်စေရန်နှင့် ပေးဆောင်ခြင်းမရှိပါက ထောင်ဒဏ် ၃ လတိတိ ကျခံစေရန် သဃ်န်းကျွန်းမြို့နယ် တရားရုံးက ၁၀-၁၀-၂၀၁၈ ရက်နေ့မှာ ပြစ်ဒဏ်အသီးသီးချမှတ်ခဲ့ပြီး ဖြစ်ပါတယ်။ တရားရုံးက ပြစ်ဒဏ်မချမီ တရားစွဲဆိုခံရသူများ၏တင်ပြချက်အရ ၅-၁၀-၂၀၁၈ ရက်နေ့မှာ ကွင်းဆင်းစစ်ဆေးရာ စုပုံထားသည့် မြစ်သဲကျောက်များကို ဖယ်ရှင်းရှင်းလင်းပြီးဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကမာကြည်တံတားရှိ အုတ်၊ သဲ၊ ကျောက်စုပုံလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ ခွင့်မပြုတော့သဖြင့် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အရေးယူခဲ့သည့်နည်းတူ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကလည်း အရေးယူခဲ့ပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၆၈ ကိုဖောက်ဖျက်ကျူးလွန်ပြီး လိုင်စင်မဲ့လုပ်ငန်းဆောင်ရွက်ခြင်းအတွက် ယင်းဥပဒေရဲ့ ပုဒ်မ ၆၉ ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ၂၀၁၇ ခုနှစ်၊ ဧပြီလမှစတင်၍ ဦးသောင်းကိုသုံးကြိမ်၊ ဦးမြင့်အောင်ကိုလေးကြိမ်၊ ဦးညီညီဇော်အေးကို သုံးကြိမ်နှင့် ဒေါ်ဥမ္မာလှိုင်ကို တစ်ကြိမ်အသီးသီးအရေးယူခဲ့ပါတယ်။

အဆိုပါလေးဦးအနက် ဒေါ်ဥမ္မာလှိုင်က ၈-၁၁-၂၀၁၇ ရက်နေ့တွင်လည်းကောင်း၊ ဦးညီညီဇော်က ၂၄-၈-၂၀၁၈ ရက်နေ့တွင်လည်းကောင်း အသီးသီးလုပ်ငန်းပိတ်သိမ်းခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ငမိုးရိပ်ချောင်း မြစ်ကူးတံတား၊ ကမာကြည်တံတားဝဲယာအနီးရှိ တရားမဝင်စုပုံထားတဲ့ သဲ၊ ကျောက်များကို လုပ်ငန်းရှင်များမှ လုပ်ငန်းပိတ်သိမ်းဖယ်ရှားပြီးဖြစ်ပါသဖြင့် ထပ်မံစုပုံခြင်းမပြုစေရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကသာမြို့နယ်၊ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ ရဲနီဗျားချောင်း အောက်ခြေကြမ်းပြင်မြင့်တက်လာသောကြောင့် မြစ်ထဲသို့ ရေစီးမထွက်နိုင်တော့သဖြင့် ထိုချောင်းဖြတ်သန်းစီးဆင်းသော ဘွက်၊ ကူကာ၊ ဝက်တူးကျေးရွာအုပ်စုတို့ အပိုင်နယ်မြေတခွင်မှ ဧက ၂၅၀၀ ခန့် လယ်ယာမြေကွင်းကြီးမှာ ကွင်းရေပြန်မထွက်နိုင်တော့ဘဲ စိုက်မြေများ ပြန်မပေါ်တော့ရာ တောင်သူလယ်သမားအများအပြား လယ်ယာမြေလုပ်ငန်းခွင်ပျောက်ကွယ်သွားပါ၍ ရဲနီဗျားချောင်းကြမ်းပြင်ကို ယန္တရားအင်အားဖြင့် သင့်လျော်သလို ပြန်လည်တူးဖော်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ကြည်(ကသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ကသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကသာမြို့နယ်၊ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းမှာ ကျေးရွာအုပ်စုပေါင်း ၁၃ စုရှိပါတယ်။ အဲဒီအထဲက ကူကာအုပ်စု၊ ဘွက်အုပ်စု၊ ဝက်တူးအုပ်စု၊ အဲဒီအုပ်စုအပိုင်နယ်မြေမှာ အင်းတစ်လှည့်၊ အခင်းတစ်လှည့် နှစ်ပေါင်းမြောက်များစွာကနေ လုပ်ကိုင်စားသောက်လာခဲ့တဲ့ ဧက ၂၅၀၀ ပတ်လည်ရှိတဲ့ စိုက်ပျိုးမြေတွေရှိပါတယ်။ ဒါပေမဲ့ ဒီစိုက်ပျိုးမြေတွေဟာ တကယ်တမ်းကျတော့ နှစ်ပေါက်မစိုက်နိုင်ပါဘူး။ မိုးရာသီရေကြီးတဲ့အချိန်မှာဆိုရင် ဒီမြေတွေအားလုံးဟာ ရေအောက်ရောက်သွားပါတယ်။ အဲဒီအခါကျရင် ကျွန်တော်တို့ အင်းကွက်တွေဖော်ပြီးတော့မှ ရေလုပ်ငန်းလုပ်ကြရပါတယ်။ အခုလို ရာသီမျိုးကျတော့ ရေပြန်ကျပြီး မိုးလည်ပြတ်သွားပြီဆိုရင် အဲဒီကွင်းထဲမှာဝင်နေတဲ့ရေအားလုံးဟာ အဲဒီဒေသမှာဖြတ်စီးနေတဲ့ အဓိက ရဲနီဗျားချောင်းမကြီးကနေပြီးတော့မှ ဧရာဝတီမြစ်ထဲကို ပြန်ပြီးတော့မှ စီးသွားပါတယ်။ အဲဒီလိုစီးသွားလို့ရှိရင် စိုက်ပျိုးမြေတွေပြန်ပေါ်လာပြီး အဲဒီအခါကျမှ တောင်သူလယ်သမားတွေအလှည့်။ စပါးစိုက်မယ်။ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ဒီလိုစိုက်ကြရပါတယ်။ အခုတော့ ပတ်ဝန်းကျင်တွေကလည်း အခြေအနေတွေက သဘာဝပတ်ဝန်းကျင်တွေ တအားပျက်စီးသွားတဲ့အခါကျတော့ အကုန်လုံး မြစ်၊ ချောင်းအတော်များများဟာ ဒုက္ခရောက်ပြီးတော့မှ အဲဒီရေအဓိကစီးဆင်းတဲ့ ရဲနီဗျားချောင်းဟာလည်း တဖြည်းဖြည်းကောလိုက်လာပြီးတော့မှ ချောင်းအဝမြစ်ထဲဝင်တဲ့နေရာမှာလည်း ရေကောင်းကောင်းမထွက်နိုင်တော့ပါဘူး။ ရေကောင်းကောင်းမထွက်နိုင်တဲ့အခါကျတော့ ဝင်ထားတဲ့ရေတွေဟာ တစ်နှစ်ပတ်လုံး ဘယ်တော့မှပြန်မထွက်တော့ဘဲနဲ့ စိုက်ပျိုးတဲ့လုပ်ငန်းမလုပ်ရတာ ကျွန်တော်တို့ ခြောက်နှစ်ကျော်လောက်ရှိခဲ့ပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point နဲ့တင်ပြခွင့်ပြုပါ။ ဒါ ကွင်းအမှတ်(၂၆၁)၊ အဲဒီအောက်မှာ စိုက်ပျိုးမြေတွေရှိပါတယ်။ အဲဒီအောက်မှာလည်း စိုက်ပျိုးမြေတွေရှိပါတယ်ခင်ဗျား။ ဒါကတော့ ဆယ့်နှစ်ရာသီ ရေကုန်အောင်မထွက်နိုင်တဲ့အတွက် ရေကျန်နေတဲ့ပုံဖြစ်ပါတယ်။ ဒါ ကွင်းအမှတ်(၂၃၁၇)ပါ။ ဒါ ကျွန်တော်တို့ ရဲနီဗျားချောင်းက ကောနေတဲ့ပုံဖြစ်ပါတယ်။ ဒီလိုကောနေတော့ မြစ်ထဲကို ရေမဆင်းနိုင်တော့ပါဘူး။ ဒါ ရဲနီဗျားချောင်းရိုးဖြစ်ပါတယ်။ ဒါ ကောနေတဲ့သောင်ပြင်ပေါ်မှာ သက်ဆိုင်ရာတာဝန်ရှိတဲ့သူတွေ သွားပြီးတော့ လေ့လာကြည့်ရှုနေတဲ့ပုံဖြစ်ပါတယ်။ ရေမထွက်နိုင်တော့တဲ့အနေအထားပါ။ အဲဒီတော့ ကျွန်တော်တို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တွေ၊ ဒေသခံတွေ၊ ဌာနဆိုင်ရာတွေ ကွင်းဆင်းကြည့်ပြီးတော့ အကြံအိုက်နေကြတဲ့ပုံဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဧက ၂၅၀၀ ပြန်ပေါ်ဖို့အတွက်ဆိုရင် ပြည်ထောင်စုဘတ်ဂျက်နဲ့သုံးမှ အလုံအလောက်ရပြီးတော့မှ လုပ်ရမယ့်လုပ်ကွက်ကလည်း ဒီချောင်းရိုးက ၂.၂ မိုင်တူးရပါမယ်။ အကျယ် ပေ ၁၀၀ ကနေ ၁၅၀ ပေ တူးရပါမယ်။ အနက် ၁၀ ပေတူးရပါမယ်။ နောက်တစ်ခါ မြစ်ထဲကို ဝင်နေတဲ့ သဲတွေသယ်လာတဲ့ ချောင်းပေါက်အငယ်လေးတွေကို ပိတ်ရပါမယ်။ အဲဒီအတွက် ကျွန်တော်တို့ တိုင်းဒေသကြီးဘတ်ဂျက်နဲ့ မလုံလောက်ပါဘူး။ ဆိုတဲ့အခါကျတော့ ကျွန်တော်တို့ ပြည်ထောင်စုဘတ်ဂျက်မရခင်မှာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကလည်း ဒီနှစ်ထဲမှာပဲ နှစ်ကြိမ်လောက်လာကြည့်ပြီးတော့မှ တိုင်းဒေသကြီးဘတ်ဂျက်နဲ့ပဲ အရင်လုပ်နှင့်ကြစို့ဆိုပြီးတော့မှ လောလောဆယ်တော့ တိုင်းဒေသကြီးဘတ်ဂျက်နဲ့ပဲ ကျွန်တော်တို့ ကြိုးစားဆောင်ရွက်နေပါတယ်။ ဆောင်ရွက်နေတော့ တိုင်းဒေသကြီးဘတ်ဂျက်ကနည်းတဲ့အခါ မလုံလောက်တဲ့အခါကျတော့ အကျယ် ပေ ၁၀၀ တူးရမယ့်ကိစ္စဟာ အကျယ် ၁၈ ပေလောက်ပဲ ကျွန်တော်တို့ တူးနိုင်ပါတယ်။ လုပ်ရမယ့်လုပ်ငန်းက တူးပြီးရင်လည်း ဒီသဲတွေကိုပြန်မကျအောင် ကျွန်တော်တို့ ရေကာရိုက်ရမယ်။ ကတုတ်ရိုက်ရမယ်။ ကမ်းထိန်းနံရံစသည်ဖြင့် လုပ်ရမယ်ဆိုတဲ့ လုပ်ကွက်တွေကရှိတဲ့အခါကျတော့ တိုင်းဒေသကြီးဘတ်ဂျက်နဲ့မှပဲလုံလောက်မှာပါ။ အဲဒီတော့ ကျွန်တော်မေးလိုတဲ့မေးခွန်းက ရဲနီဗျားချောင်းကြမ်းပြင်ကို ပြည်ထောင်စုဘတ်ဂျက်ထဲက ခွဲဝေချမှတ်ပြီး ယန္တရားအင်အားဖြင့် သင့်တော်သလို ပြန်လည်တူးဖော်ပေးနိုင်ခြင်းရှိ/မရှိနှင့် ရှိပါလျှင် မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်နိုင်မည်ကို သိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည်၏ ကသာမြို့နယ်၊ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ ရဲနီဗျားချောင်းအောက်ခြေကြမ်းပြင်မြင့်တက်လာသောကြောင့် မြစ်ထဲသို့ ရေစီးမထွက်နိုင်တော့သဖြင့် ထိုချောင်းဖြတ်သန်းစီးဆင်းသော ဘွက်ကျေးရွာအုပ်စု၊ ကူကာကျေးရွာအုပ်စု၊ ဝက်တူးကျေးရွာအုပ်စုတို့ အပိုင်နယ်မြေတခွင်မှ ဧက ၂၅၀၀ ခန့် လယ်ယာမြေကွင်းကြီးအားဖုံးလွှမ်းထားတဲ့ ကွင်းရေပြန်မထွက်နိုင်တော့ဘဲ စိုက်မြေများပြန်မပေါ်တော့ရာ တောင်သူလယ်သမားအများအပြား

လယ်ယာမြေလုပ်ငန်းခွင်ပျောက်ကွယ်သွားပါ၍ အဆိုပါရဲနီဗျားချောင်းကြမ်းပြင်ကို အစိုးရယန္တရားအင်အားဖြင့် သင့်လျော်သလို ပြန်လည်တူးဖော်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းအပေါ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော်က ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။ ကသာမြို့နယ်၊ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ ရဲနီဗျားချောင်းအောက်ခြေကြမ်းပြင်အားတူးဖော်နိုင်ရေးအတွက် ကသာမြို့နယ်၊ ဘွက်ကျေးရွာအနီး စိုက်ပျိုးမြေများ ရေနစ်မြုပ်မှုမှကာကွယ်ရန် ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလ ဘဏ္ဍာရေးကာလမှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တိုင်းဒေသကြီးအထွေထွေပိုလျှံငွေမှ အရေးပေါ်ချောင်းတူးဖော်ခြင်းလုပ်ငန်း အလျား ၁၁၆၀၀ ပေခေါင်းစဉ်ဖြင့် ရန်ပုံငွေကျပ် ၂၅ သန်းကို လွှဲပြောင်းသုံးစွဲခွင့် ရရှိခဲ့ပါတယ်။ အဆိုပါရန်ပုံငွေဖြင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသခွဲ(၇) ကသာမြို့နယ်ရုံးမှ ဦးဆောင်၍ ကျေးရွာများမှ ရဲနီဗျားချောင်းတူးဖော်ခြင်းကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါသည်။ ယခုတင်ပြတဲ့ပုံကတော့ ဘွက်ကျေးရွာအုပ်စုအနီး စိုက်ပျိုးမြေတွေ ရေနစ်မြုပ်မှုများဖြစ်ပေါ်သည့်နေရာ၊ အဲဒါကတော့ ကျွန်တော်တို့ အစိမ်းရောင်လေးနဲ့ချယ်ထားပါတယ်။ ရဲနီဗျားချောင်းကို အရေးပေါ်သောင်တူးသည့်နေရာတို့ကို တင်ပြထားခြင်းဖြစ်ပါတယ်။ အဲဒါကတော့ ရဲနီဗျားချောင်းရဲ့အနီမျဉ်းကြောင်းလေးဖြစ်ပါတယ်။ အခုတင်ပြတဲ့ပုံကတော့ ချောင်းတူးဖော်မယ့်ပုံစံထောင်လိုက်ဖြတ်ပိုင်းပုံဖြစ်ပါတယ်။ ဒီဟာက အကျယ် ၆ ပေ၊ ထိပ်ဝအကျယ် ၁၈ ပေနှင့် အနက် ၁၀ ပေရရှိအောင် တူးဖော်ခြင်းဖြစ်ပါတယ်။ အောက်မှာပြထားတဲ့ပုံကတော့ အလျားလိုက်ဖြတ်ပိုင်းပုံဖြစ်ပြီး ချောင်းကို ၁၁၆၀၀ ပေတူးခြင်းအားဖြင့် ပြန်လည်စိုက်ပျိုးနိုင်မယ့် လယ်ဧက ၁၅၀၀ ခန့်ရရှိနိုင်မည့် အနေအထားကို ပြထားပါတယ်။ ဒီမှာကတော့ ကျွန်တော်တို့ အစိမ်းရောင်လေးနဲ့ မြားပြထားတဲ့ဟာကတော့ ပေါ်လာတဲ့လယ်မြေဧကတွေ ဖြစ်ပါတယ်။ ယခုတင်ပြတဲ့ပုံတွေကတော့ ချောင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုမှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။ ယခုတင်ပြတဲ့ပုံကတော့ တူးဖော်ခြင်းလုပ်ငန်းတွေကို စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌမှ လာရောက်ကြည့်ရှုစစ်ဆေးခြင်း မှတ်တမ်းဓာတ်ပုံများဖြစ်ပါတယ်။ ခုနတင်ပြခဲ့တဲ့လုပ်ငန်းတွေ ဆောင်ရွက်ပြီးတဲ့အခါမှာ ယခုအခါ ရေနစ်မြုပ်လျက်ရှိတဲ့လယ်မြေများမှ အမြင့်ပိုင်းရှိလယ်မြေများ ပုံမှာပြထားတဲ့အတိုင်း ပြန်လည်ပေါ်ပေါက်လာပြီးဖြစ်ရာ တောင်သူများအနေဖြင့် လယ်စိုက်ပျိုးနိုင်ရန် ပျိုးထောင်ခြင်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်းသိရှိရပါတယ်။ ၂၀၁၈ ခုနှစ် ခြောက်လတာကာလအတွင်း ရန်ပုံငွေ ၂၅ သန်းနဲ့ ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းများဟာ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း ကာလတိုအတွင်း အရေးပေါ်ဆောင်ရွက်ခဲ့ရတဲ့ အစီအမံများဖြစ်ပါသဖြင့် ရေရှည်မှာ အကျိုးသက်ရောက်မှုများ လျော့နည်းလာမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရေရှည်မှာ လယ်ယာမြေများတည်တံ့ရေးအတွက် ချောင်းတူးဖော်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးနိုင်ရန် ကွင်းဆင်းတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ပြီး လိုအပ်တဲ့လုပ်ငန်းစီမံချက်များရေးဆွဲ၍ ကုန်ကျစရိတ်များကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရန်ပုံငွေစာရင်းသို့ တင်ပြတောင်းခံပြီး ရန်ပုံငွေ

ရရှိမှုအပေါ် မူတည်၍ လုပ်ငန်းများဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံရှိ လူမှုကူညီရေးအသင်းအဖွဲ့များ အမှန်တကယ်အသုံးပြုနေသည့် မော်တော်ယာဉ်များ တရားဝင်အသုံးပြုခွင့်ရရှိရေးအတွက် ဖြေလျှော့ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များကို သိလိုခြင်းနှင့် နိဗ္ဗာန်ယာဉ်(HSE)ကဲ့သို့သော လိုင်စင်ခွင့်ပြုပေးနိုင်ရေးအတွက် မည်သည့်ကန့်သတ်ချက်များ သတ်မှတ်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်။ ယနေ့ဒေသအသီးသီးမှာ အများအကျိုးအတွက် ပါဝင်ကူညီ လှုပ်ရှားနေကြတဲ့ လူမှုကူညီရေးအသင်းအဖွဲ့များ မော်တော်ယာဉ်အသုံးပြုခွင့်ဖြေလျှော့ပေးခြင်းနှင့် စပ်လျဉ်းသည့်ကြယ်ပွင့်ပြမေးခွန်းကို မေးခွန်းခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ဒီမိုကရေစီခေတ်နိုင်ငံတော် ထူထောင်ရာမှာ အရပ်ဘက်အဖွဲ့အစည်းများရဲ့ အခန်းကဏ္ဍဟာ များစွာအရေးပါလာသကဲ့သို့ မြို့တိုင်း ရွာတိုင်းမှာလည်း လူမှုကူညီရေးအသင်းအဖွဲ့တွေ ဖွဲ့စည်းဆောင်ရွက်လာကြတာ တွေ့မြင်နေရပါတယ်။ အသင်းအဖွဲ့များဟာ တဖြည်းဖြည်းတိုးတက်များပြားလာသကဲ့သို့ တစ်ဖက်ကလည်း မသုံးမဖြစ်၊ မရှိမဖြစ်တဲ့မော်တော်ယာဉ်သုံးစွဲမှုကိစ္စများ ပါဝင်လာပါတယ်။ သတ်မှတ်ချက်စည်းမျဉ်း၊ စည်းကမ်းများ နှင့်တကွ စနစ်တကျမှတ်ပုံတင်ကြတဲ့ မော်တော်ယာဉ်များရှိသကဲ့သို့ မိမိတို့အသင်းအဖွဲ့ရန်ပုံငွေ အင်အားအခြေအနေအရပ်ရပ်အပေါ် မူတည်၍ ဈေးပေါသက်သာသည့် လိုင်စင်မဲ့ယာဉ်များကိုပါ ဝယ်ယူသုံးစွဲကြရပါတယ်။ ဒေသအသီးသီးမှာ လူမှုကူညီရေးလုပ်ငန်းများအတွက် အမှန်တကယ် အသုံးပြုနေကြတဲ့ လိုင်စင်မဲ့ယာဉ်တွေက ပိုမိုများပြားနေတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တရားဝင်မှတ်ပုံတင်ထားသည့်အသင်းအဖွဲ့များအတွက် အမှန်တကယ်အသုံးပြုမည့်မော်တော်ယာဉ် လိုအပ်ချက်များကို ဖြေလျှော့ဆောင်ရွက်ပေးစေလိုပါတယ်။ အထူးသဖြင့် မြို့တိုင်း၊ နယ်တိုင်းမှာ မရှိ မဖြစ်လိုအပ်တဲ့ နာရေးယာဉ်၊ နိဗ္ဗာန်ယာဉ်များကိုလည်း တရားဝင်ဆောင်ရွက်ခွင့်ရရှိရေးအတွက် ဤမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ မေးခွန်း(၁) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူမှုကူညီရေးအသင်း အဖွဲ့များ လက်ရှိအမှန်တကယ်အသုံးပြုနေသော မော်တော်ယာဉ်များ တရားဝင်အသုံးပြုခွင့်ရရှိရေး အတွက် ဖြေလျှော့ဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်များ သိရှိလိုပါသည်။ မေးခွန်း(၂) နိဗ္ဗာန်ယာဉ် (HSE)ကဲ့သို့သော လိုင်စင်ခွင့်ပြုပေးနိုင်ရေးအတွက် မည်သည့်ကန့်သတ်ချက်များသတ်မှတ်ထားပါ သနည်း။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်း၏ (၁) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူမှုကူညီရေးအသင်းအဖွဲ့များ လက်ရှိအမှန်တကယ်အသုံးပြုနေတဲ့ မော်တော်ယာဉ်များ တရားဝင်အသုံးပြုခွင့်ရရှိရေးအတွက် ဖြေလျှော့ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များသိရှိလိုခြင်းနှင့် (၂) နိဗ္ဗာန်ယာဉ်(HSE)ကဲ့သို့သော လိုင်စင်ခွင့်ပြုနိုင်ရေးအတွက် မည်သည့်ကန့်သတ်ချက်များ သတ်မှတ်ထားပါသည်နှင့်စပ်လျဉ်းသည့်မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကျွန်တော်ကပဲ ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည့်ပြည့်စုံစုံရှင်းလင်းတင်ပြနိုင်ရေးအတွက် လိုအပ်လာပါက အချိန်ပိုအနည်းငယ်ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ယခင်က မြန်မာနိုင်ငံတစ်ဝန်းရှိ လူမှုကူညီရေးအသင်းအဖွဲ့များ၊ နာရေးကူညီမှုအသင်းများအနေဖြင့် ပိုင်ဆိုင်အသုံးပြုနိုင်သော ယာဉ်စီးရေအနည်းငယ်သာရှိခဲ့သည့်အတွက် တရားမဝင်ယာဉ်များကို အသုံးပြု၍ နာရေးပို့ဆောင်ခြင်း၊ လူနာပို့ဆောင်ခြင်းနှင့် အခြားလူမှုရေးဆိုင်ရာကိစ္စများမှာ အသုံးပြုကူညီဆောင်ရွက်ခဲ့ကြရပါတယ်။ အဆိုပါအသင်းအဖွဲ့များ၏တင်ပြချက်များအရလည်းကောင်း၊ ပြည်သူလူထု၏လိုလားချက်ဆန္ဒများအရလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ အကြံပြုချက်များအရ လည်းကောင်း ၂၀၁၄ ခုနှစ်တွင် မှတ်ပုံတင်မဲ့နိဗ္ဗာန်ယာဉ်များကို ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်ခြင်းလုပ်ငန်းများကို စီမံချက်များရေးဆွဲလျက် ၁၉-၆-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၁၁/၂၀၁၄)၏ဆုံးဖြတ်ချက်အရ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ကြီးကြပ်မှုဖြင့် One Stop Service(OSS)အဖွဲ့များ ဖွဲ့စည်း၍ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့မှ ၃၁ ရက်နေ့အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိဗ္ဗာန်ယာဉ်များကို တရားဝင်မှတ်ပုံတင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ထိုကဲ့သို့ OSS စနစ်ဖြင့် မှတ်ပုံတင်ဆောင်ရွက်ပေးရာမှာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဦးဆောင်၍ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့စီးပွားဘဏ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ နိဗ္ဗာန်ယာဉ်များကို တရားဝင်မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ရာမှာ အကောက်ခွန်ဦးစီးဌာနက အခွန်ကောက်ခံခြင်းမပြုဘဲ မြန်မာ့အာမခံလုပ်ငန်းက အာမခံကြေး၊ မြန်မာ့စီးပွားရေးဘဏ်က ဘဏ်ဆောင်ရွက်ခနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက မှတ်ပုံတင်ကြေး စုစုပေါင်း ၂၈၉၀၀ ကျပ်သာ ကောက်ခံ၍ နိဗ္ဗာန်ယာဉ်အုပ်စုဝင် မိုက္ကရိုဘတ်စ်၊ စတေရှင်ဝက်ဂွန်၊ ပစ်ကပ်နှင့် လိုက်ထရပ်ဟူ၍ အုပ်စုလေးမျိုးကိုသာ နိဗ္ဗာန်ယာဉ်အဖြစ် တရားဝင်မှတ်ပုံတင် ဆောင်ရွက်ပေးခဲ့ပါတယ်။

အဆိုပါ မှတ်ပုံတင်စီမံချက်မစတင်မီက တစ်နိုင်ငံလုံးမှ လူမှုရေးအသင်းအဖွဲ့ ၅၀ နှင့် တရားဝင်နိဗ္ဗာန်ယာဉ် ၁၁၄ စီးသာ ရှိခဲ့ရာမှ စီမံချက်ကာလ ၂၅ ရက်အတွင်း လူမှုရေးအသင်း ၁၇၆၅ သင်းနှင့်

နိဗ္ဗာန်ယာဉ် ၄၉၈၅ စီးအထိ ချက်ချင်းတိုးလာခဲ့ပြီး ယာဉ်အားလုံးကို မှတ်ပုံတင်ပေးခဲ့ပါတယ်။ လက်ရှိမှာ ၂၀၁၈ ခုနှစ် ဇွန်လအထိ မှတ်ပုံတင်ထားတဲ့ လူမှုရေးကူညီမှုအသင်းအဖွဲ့ ၂၉၈၀ သင်းဖြစ်ပြီး တရားဝင်မှတ်ပုံတင်ထားတဲ့ နိဗ္ဗာန်ယာဉ်(HSE ယာဉ်)က ၅၁၈၀ စီးရှိနေပြီဖြစ်ပါတယ်။ ထိုကဲ့သို့ ၂၀၁၄ ခုနှစ်မှာ တရားမဝင်နိဗ္ဗာန်ယာဉ်များကို နိုင်ငံတော်က တရားဝင်အောင် မှတ်ပုံတင်ဆောင်ရွက်ပေးပြီးဖြစ်သော်လည်း ယခုအခါ နာရေးပို့ဆောင်ခြင်းအပြင် လူမှုကူညီရေးကိစ္စရပ်များတွင်လည်း တရားမဝင်မှတ်ပုံတင်မဲ့ယာဉ်များ အသုံးပြုမှုပိုမိုများပြားလာလျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။ လက်ရှိအချိန်မှာ အချို့တိုင်းဒေသကြီး/ပြည်နယ်များ၌ မှတ်ပုံတင်မဲ့(Without)ယာဉ် ဖမ်းဆီးအရေးယူခြင်းများကို စီမံချက်ဖြင့်ဆောင်ရွက်လျက်ရှိရာ အဲဒီစီမံချက်ကြောင့် နာရေးကူညီမှုအသင်းများ၊ လူမှုရေးကူညီမှုအသင်းများအနေဖြင့် ၎င်းတို့တရားမဝင်အသုံးပြုနေတဲ့ မှတ်ပုံတင်မဲ့ယာဉ်များအတွက် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်းလည်း လေ့လာသိရှိရပါတယ်။ ၎င်းအသင်းအဖွဲ့များအနေဖြင့် ပြည်သူများ၏အမှန်လက်တွေ့ဘဝလိုအပ်ချက်များကြောင့် မှတ်ပုံတင်မဲ့ယာဉ်များကို လူမှုကူညီရေးကိစ္စရပ်များတွင် အသုံးပြုနေရခြင်းဖြစ်သည့်အတွက် အဆိုပါမှတ်ပုံတင်မဲ့ယာဉ်များကို တရားဝင်ဖြစ်စေရေးနှင့် ဥပဒေနှင့်အညီဖြစ်စေရေးတို့အတွက် နိုင်ငံတော်မှ အသိအမှတ်ပြုမှတ်ပုံတင်ပေးစေလိုသောဆန္ဒရှိကြကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။ နိုင်ငံတစ်ဝန်းလုံးရှိ လူမှုကူညီရေးအသင်းများ အသုံးပြုလျက်ရှိတဲ့ တရားမဝင်နိဗ္ဗာန်ယာဉ်နှင့် လူမှုကူညီရေးယာဉ်များကို တရားဝင်မှတ်ပုံတင်ဆောင်ရွက်ပေးစေလိုသော ပြည်သူ့ဆန္ဒကိုအလေးထားလျက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လူမှုကူညီရေးအသင်းအဖွဲ့များ၊ ၎င်းတို့အသုံးပြုယာဉ်များနှင့် ဒေသအလိုက် လိုအပ်ချက်အခြေအနေများအား နေပြည်တော်ကောင်စီအပါအဝင် ခရိုင် ၁၁ ခုသို့ ၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်း ကွင်းဆင်းလေ့လာ၍ အနီးစပ်ဆုံး ခန့်မှန်းစစ်တမ်းပြုစု ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါလေ့လာစစ်တမ်းများအရ ခရိုင် ၁၁ ခရိုင်လုံး၌ လက်ရှိအနေအထားမှာ တရားဝင်မှတ်ပုံတင်ထားပြီးသော နိဗ္ဗာန်ယာဉ်အင်အားနှင့် တစ်ရက်ပျမ်းမျှနာရေးပို့ဆောင်နေခြင်းများမှာ ကောင်းစွာလုံလောက်မှုရှိကြောင်း၊ သို့သော် နယ်မြို့များနှင့် ကျေးလက်များမှာ လူမှုကူညီရေးကိစ္စရပ်များဖြစ်သည့် လူနာပို့ဆောင်ခြင်းအပါအဝင်လူမှုရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ယာဉ်များလိုအပ်နိုင်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

သို့ရာတွင် လက်ရှိမှာ နိဗ္ဗာန်ယာဉ်ကိုဖြစ်စေ၊ လူနာတင်ယာဉ်ကိုဖြစ်စေ ပြည်ပမှတရားဝင်တင်သွင်းလာပါက နိုင်ငံတော်က အကောက်ခွန်နှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရဲ့ မှတ်ပုံတင်ခများ ကင်းလွတ်ခွင့်ဖြင့် သက်သာအောင် ဖြေလျှော့ဆောင်ရွက်ပေးထားပြီးဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ တရားမဝင်လိုင်စင်မဲ့မော်တော်ယာဉ်များကို လူမှုကူညီရေးအသင်းအဖွဲ့များအတွက် တရားဝင်လိုင်စင်ရရှိအောင် ဆောင်ရွက်ပေးမည်ဆိုပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများကို ဖောက်ဖျက်ကျော်လွန်ဆောင်ရွက်ရာရောက်မည်ဖြစ်ခြင်း၊ နောင်တွင်လည်း အလားတူထပ်မံ၍ ဖောက်ဖျက်ရန်အလေ့အထသဖွယ်ကျင့်သုံးလာကြမည်ဖြစ်ခြင်း၊ တရားမဝင်တင်သွင်းမှုကို အားပေးရာရောက်စေမည်ဖြစ်ခြင်း၊ အိမ်နီးချင်းနိုင်ငံများမှ ခိုးသွင်းလာသောယာဉ်များဖြစ်ပါကလည်း ကန့်ကွက်

တားမြစ်ခြင်းများကြောင့် အိမ်နီးချင်းနိုင်ငံများနှင့် မလိုလားအပ်သောကိစ္စများ ရှုပ်ထွေးလာနိုင်ခြင်း စသည့်မလိုလားအပ်သော အခြေအနေများနှင့်ရင်ဆိုင်ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အနေဖြင့် ပြည်သူများ သက်သက်သာသာဖြင့် ကားစီးနိုင်စေရန် ဖြေလျှော့မှုများဖြင့် တရားဝင်တင်သွင်းခွင့်များကို ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ တစ်ဖက်မှ တရားမဝင်တင်သွင်းသုံးစွဲမှုများ ပပျောက်ရေးကိုလည်း အလေးထားဦးတည်ဆောင်ရွက်လျက် ရှိပါတယ်။ တာဝန်သိပြည်သူတိုင်းကလည်း တရားမဝင်ယာဉ် တင်သွင်းသုံးစွဲမှုများကို တိုက်ဖျက်ရာ၌ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်အနေဖြင့် နာရေးကိစ္စရပ်များတွင် အသုံးပြုရန်အတွက် တရားမဝင်နိဗ္ဗာန်ယာဉ်ကို ၂၀၁၄ ခုနှစ်မှာ OSS ဖြင့် HSE အဖြစ် မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သော်လည်း တရားမဝင်လူမှုကူညီရေးယာဉ်များကို တစ်ကြိမ်မျှ OSS ဖြင့် မှတ်ပုံတင်ဆောင်ရွက်ပေးခြင်းမရှိခဲ့ပါ။ ထို့ကြောင့်လည်း လူမှုကူညီရေးယာဉ်များ မလုံမလောက် ဖြစ်ပြီး မှတ်ပုံတင်မဲ့ယာဉ်များကို အလျဉ်းသင့်သလို သုံးစွဲဆောင်ရွက်နေကြခြင်းဖြစ်ရာ နိုင်ငံ၏ စနစ်တကျရှိမှုနှင့် တရားဥပဒေစိုးမိုးမှုကို ထိခိုက်စေလျက် ရှိသည်ဟု သုံးသပ်ရရှိရပါတယ်။ သို့ရာတွင် မှတ်ပုံတင်မဲ့လူမှုကူညီရေးယာဉ်များကို OSS စီမံချက်ဖြင့် တရားဝင်မှတ်ပုံတင်ပေးရန်မှာ မိမိတို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတစ်ခုတည်း ဆောင်ရွက်၍ရသည့်ကိစ္စမဟုတ်ဘဲ အခြား သက်ဆိုင်သောဝန်ကြီးဌာနများအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ် ညှိနှိုင်းပြီး လုပ်ငန်းစီမံချက်ရေးဆွဲလျက် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့မူဝါဒလမ်းညွှန်အတည်ပြုချက် ဖြင့်ဆောင်ရွက်ရမည့် ကိစ္စရပ်မျိုးဖြစ်ပါကြောင်းနှင့် လက်ရှိအခြေအနေမှာ နိဗ္ဗာန်ယာဉ်(HSE)ကဲ့သို့ သော လိုင်စင်ခွင့်ပြုပေးနိုင်ရေးအတွက် မည်သည့်ကနဦးသတ်ချက်များ သတ်မှတ်ဆောင်ရွက်ပေးခြင်း မရှိသေးပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစိုင်းဝေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်း မေးမြန်းလိုပါတယ်ခင်ဗျား။ ယနေ့လက်ရှိ မြို့ငယ်တွေ၊ ရွာငယ်တွေမှာ လူမှုရေးယာဉ် တွေ အသုံးပြုနေကြပါပြီ။ ဒီလိုအသုံးပြုတဲ့နေရာမှာ အဝေးပြေးလမ်းမပေါ်မှာ မောင်းနှင်သွားလာခြင်းမျိုး မဟုတ်ဘဲနဲ့ မိမိတို့ရပ်တွင်း၊ ရွာတွင်းက နာရေးကိစ္စတွေကို သယ်ပို့ရတဲ့ကိစ္စတွေအတွက် ရည်ရွယ်ပြီး ဆောင်ရွက်ထားကြတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ စုပေါင်းအလှူငွေနဲ့ ဝယ်ယူ၍ဖြစ်စေ၊ အလှူရှင်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကဖြစ်စေ ဆောင်ရွက်ထားရှိတာ ဖြစ်ပါတယ်။ ဒီလိုယာဉ်တွေက လည်း တန်းဖိုးနည်း ယာဉ်အို၊ ယာဉ်ဟောင်းတွေဖြစ်နေတာ များပါတယ်။ ဒါ မြို့တိုင်း၊ ရွာတိုင်းတွေမှာ ရှိနေပါပြီ။ ယခင်ဝန်ကြီးဌာနက ဖြေလျှော့ဆောင်ရွက်ပေးသလိုမျိုး ယခုလိုမျိုးအမှန်တကယ် ဆောင်ရွက်ထားတဲ့၊ တချို့ကမှတ်ပုံတင်ရှိတယ်၊ တချို့က တရားဝင်မှတ်ပုံတင်မရှိဘူး။ မှတ်ပုံတင်ဆိုတဲ့ နေရာမှာ အသင်းအဖွဲ့မှတ်ပုံတင်ကို ဆိုလိုတာဖြစ်ပါတယ်။ ဒီလိုသက်ဆိုင်ရာမြို့နယ်တွေအလိုက် ကျွန်တော်တို့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးတွေ ကြီးကြပ်လမ်းညွှန်မှု၊ ထောက်ခံမှုတွေနဲ့ အမှန်တကယ်အသုံးပြုနေတဲ့ ရပ်တွေ၊ ရွာတွေအတွက် ဖြေလျှော့ဆောင်ရွက် ပေးခြင်းရှိနိုင်/မရှိနိုင်ဆိုတာကိုလည်း ထပ်ဆင့်မေးမြန်းလိုပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားပေးပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ဆက်စပ်မေးခွန်းအတွက်ကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်ရှင်းလင်းတင်ပြသွားတဲ့အတိုင်းပဲ ကျွန်တော်တို့ကလည်း ကောင်းစွာနားလည်သဘောပေါက်ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လည်း အခုနကတင်ပြသွားတဲ့ ကျွန်တော်တို့က ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ ၂၀၁၄ ခုနှစ်တုန်းက ဆောင်ရွက်ခဲ့တဲ့နည်းတူ ကျွန်တော်တို့က ဒီကိစ္စအတွက်ကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဖို့အတွက်ကို စတင်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီဟာ အထက်ကနေပြီးတော့ ခွင့်ပြု၊ အတည်ပြုချက်၊ လမ်းညွှန်မှုရရှိတဲ့ အခါမှာ ကျွန်တော်တို့က ပေါင်းစပ်ညှိနှိုင်းပြီးဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ရန်ကုန်မြို့ရှိ ယာဉ်ကြောပိတ်ဆို့မှုပြဿနာနှင့် ကားပါကင်အခက်အခဲကိုဖြေရှင်းရန် မည်သို့စီမံဆောင်ရွက်ထားသည်ကိုသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ လှိုင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး ဖြစ်ပါတယ်။ ရန်ကုန်မြို့ယာဉ်ကြောပိတ်ဆို့မှုနဲ့ ကားပါကင်အခက်အခဲကို ဖြေရှင်းရန်အတွက် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်မြို့ လူတန်းစားအသီးသီး နေ့စဉ်ရင်ဆိုင်နေရတဲ့ ပြဿနာကတော့ ယာဉ်ကြောပိတ်ဆို့မှုပြဿနာဖြစ်ပါတယ်။ တစ်ရက်ကို မြို့တွင်းခရီးသွား ၂.၇ သန်းလောက်ရှိပါတယ်။ အဲဒီထဲကမှ လမ်းပေါ်မှာ လူတစ်သိန်းလောက် တစ်နာရီပိတ်မိနေရင်တောင် အခု ၂၀၁၈ ခုနှစ် အနိမ့်ဆုံးလုပ်အားခ တစ်နာရီ ၆၀၀ နဲ့တွက်ရင်တောင် သိန်းပေါင်း ၆၀၀ လောက်ဆုံးရှုံးပါတယ်။ ယာဉ်ကြောပိတ်ဆို့မှုကြောင့် လမ်းပေါ်မှာ နိုင်ငံသူနိုင်ငံသားတွေရဲ့ အဖိုးတန်အချိန်နဲ့ လုပ်အားတွေ နေ့စဉ်ဘီလီယံနဲ့ချီပြီးတော့ ဆုံးရှုံးနေရပါတယ်။ ကုန်စည်သယ်ယူပို့ဆောင်ဖြန့်ဖြူးရေး စရိတ်မှာလည်း ၁၅ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းအထိ ပိုမိုကြီးမြင့်နေရပါတယ်။ ယာဉ်ကြောပိတ်ဆို့မှု အကြောင်းအရင်းများစွာရှိပါတယ်။ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်အားနည်းတာ၊ ယာဉ်စီမံခန့်ခွဲမှုအားနည်းတာ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုမရှိတာ၊ ယာဉ်ရပ်နားမှုဆိုင်ရာ မူဝါဒအားနည်းတာ၊ လမ်းမြေပေါ်ကျူးကျော်ထားတဲ့ စီးပွားဖြစ်အမိုးအဖီများကြောင့် လမ်းကျဉ်းနေတာ၊ လမ်းဘေးဈေးသည်များကြောင့် လမ်းပိတ်ဆို့နေတာကြောင့်ဖြစ်ပါတယ်။ ယာဉ်မရပ်ရတဲ့နေရာတွေမှာ ယာဉ်များရပ်တန့်ထားတာ၊ ယာဉ်နှစ်ထပ်ရပ်တာ၊ နှစ်လမ်းမောင်းမှာ ကားရပ်ထားတာ၊ YBS ယာဉ်များ မှတ်တိုင်မှာမရပ်ဘဲနဲ့ လမ်းပေါ်မှာစည်းမဲ့ကမ်းမဲ့ အတင်အချပြုလုပ်တာ၊ နောက် ယာဉ်ရပ်နားရာ ကားပါကင်မရှိတာ၊ လမ်းတွေမကောင်းတာစတဲ့ ပြဿနာတွေဖြေရှင်းရမှာဖြစ်ပါတယ်။ JICA ရဲ့ လေ့လာမှုအရ ယာဉ်ကြောပိတ်ဆို့မှုရဲ့ အဓိကပြဿနာကတော့ ယာဉ်ရပ်နားဖို့နေရာမရှိတာ၊ ကားပါကင်မရှိတာတို့ ဆိုပါတယ်။

**မူကြမ်း**

Power Point အသုံးပြုခွင့်ပါခင်ဗျား။ ဒါတော့ ယာဉ်ကြောကြပ်တည်းနေတဲ့ပုံ ဖြစ်ပါတယ်။ Three Line ရှိတဲ့အထဲမှာ ပထမတစ်လိုင်းကတော့ ဈေးသည်တွေကနေရာယူပြီးတော့၊ ဒုတိယ တစ်လိုင်းကတော့ Taxi တွေရပ်ထားပါတယ်။ တတိယတစ်လိုင်းမှာ YBS ယာဉ်တွေက လူအတင်အချ ပြုလုပ်တဲ့အတွက် ယာဉ်ကြောပိတ်ဆို့သွားတဲ့ပုံဖြစ်ပါတယ်။ ကျူးကျော်အမိုးအဖီတွေ ဖြစ်ပါတယ်။ ဒီလို ကျူးကျော်အမိုးအဖီတွေကြောင့် ယာဉ်ရပ်နားဖို့နေရာပျောက်သွားပြီးတော့ လမ်းပေါ်မှာ ယာဉ်တွေ ရပ်ကြပါတယ်။ အဲဒီအခါမှာ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ရပါတယ်။ ဒါတော့ ပလက်ဖောင်းပေါ်မှာ ဈေးရောင်းတာဖြစ်ပါတယ်။ လူသွားလမ်းပေါ်မှာဈေးရောင်းတဲ့အတွက် လူတွေကလမ်းပေါ်မှာ လျှောက်ရတဲ့အတွက် လမ်းပိတ်ဆို့တာဖြစ်ပါတယ်။ ဒါကတော့ ကားလမ်းမပေါ်မှာ ဈေးတက်ရောင်း တာဖြစ်ပါတယ်။ ဒါလည်း ကားလမ်းမပေါ်မှာ ဈေးရောင်းတဲ့ပုံဖြစ်ပါတယ်။ ဒါတော့ ယာဉ်တွေစည်းမဲ့ ကမ်းမဲ့ရပ်တာ ဖြစ်ပါတယ်။ ဒီမှာဆိုရင် YBS ယာဉ်သုံးစီး စည်းမဲ့ကမ်းမဲ့ရပ်တဲ့အတွက် လမ်းပိတ်ဆို့ သွားတဲ့ပုံဖြစ်ပါတယ်။ ဒါတော့ ယာဉ်နှစ်စီးထပ်ပြီးတော့ ရပ်တာဖြစ်ပါတယ်။ Taxi နှစ်စီးက ယာဉ်ကြောနှစ်ခုလုံးမှာ ပိတ်ရပ်တဲ့အတွက် Three Line မှာ One Line ပဲအသုံးပြုခွင့် ရှိတော့ပါ တယ်။ ဒါတော့ ရန်ကုန်မြို့ရဲ့ ဆိုးဝါးတဲ့လမ်းမကြီးတွေဖြစ်ပါတယ်။ ရန်ကုန်မြို့ကလမ်းတွေ ဆိုးဝါးနေတဲ့ ပုံဖြစ်ပါတယ်။ ဒီပြဿနာတွေကိုဖြေရှင်းဖို့အတွက် ရန်ကုန်မြို့ရဲ့ မြေအောက်မြို့တော်ကြီးတွေ၊ မိုးပျံ လမ်းမကြီးတွေကို ခဏထားပြီးတော့ လက်ရှိကြုံတွေ့နေရတဲ့၊ ဖြေရှင်းလို့ရတဲ့၊ ဆောင်ရွက်စီမံလို့ရတဲ့ ယာဉ်ကြောပိတ်ဆို့မှုပြဿနာနဲ့ ကားပါကင်အခက်အခဲကိုဖြေရှင်းရန် မည်သို့စီမံထားသည်ကို သိရှိလိုတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး၏ ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုပြဿနာနှင့် ကားပါကင်အခက်အခဲကိုဖြေရှင်းရန် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်း သည့်မေးခွန်းအပေါ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော်က ဆက်လက် ဖြေကြားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်း ရန်ကုန်မြို့ဟာ တိုးတက်များပြားလာတဲ့ လူဦးရေနဲ့ယာဉ်အစီးရေကြောင့် ယာဉ်ကြောပိတ်ဆို့မှုပြဿနာများ ကြုံတွေ့ရလျက်ရှိသည်မှာ အမှန်ပဲ ဖြစ်ပါတယ်။ ရန်ကုန်မြို့ဟာဆိုရင် ၂၀၁၀ ခုနှစ်မတိုင်မီက ယာဉ်စီးရေ ၁.၆ သိန်းရှိခဲ့ရာမှ ၂၀၁၁ ခုနှစ် စက်တင်ဘာလမှာ မော်တော်ယာဉ်တင်သွင်းခွင့်မူဝါဒကို ပြောင်းလဲဖြေလျှော့ပေးခဲ့ချိန်မှစပြီးတော့ ရန်ကုန်မြို့ရဲ့ယာဉ်စီးရေ လျှင်မြန်စွာတိုးပွားလာခဲ့ပါတယ်။ ယခု ၂၀၁၈ ခုနှစ် အောက်တိုဘာလကုန် အထိ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ လူစီးမော်တော်ယာဉ်အစီးရေ ၁၀ သိန်းခြောက်သောင်းကျော်အထိ

တိုးတက်လာခဲ့ပြီး ၎င်းအနက် ရန်ကုန်မြို့တွင် မှတ်ပုံတင်ထားပြီးသွားလာ အသုံးပြုနေတဲ့ လူစီး မော်တော်ယာဉ် ၅ သိန်း ၃ သောင်းကျော်ရှိနေပါတယ်။

ယာဉ်ကြောပိတ်ဆို့မှုဖြစ်ရသည့် အကြောင်းရင်းများတွေကတော့ တိုးတက်များပြားလာတဲ့ မော်တော်ယာဉ်အစီးရေနှင့် လမ်းရဲ့ယာဉ်အစီးရေဝင်ဆံ့မှုအချိုးမျှတမှုမရှိခြင်း၊ လမ်းမျက်နှာပြင်များ ပျက်စီးမှု၊ မိုးတွင်းကာလမှာ လမ်းများပေါ်မှာ ရေကြီးရေလျှံမှုတို့ကြောင့် ယာဉ်များဖြေးနှေးစွာ မောင်းနှင်ရ၍ ယာဉ်ကြောပိတ်ဆို့ခြင်း၊ လမ်းများပေါ်တွင် ယာဉ်များစည်းကမ်းမဲ့ရပ်နားခြင်း၊ မောင်းနှင်ခြင်း၊ လမ်းဘေးနှင့်လမ်းပေါ်တွင် စည်းကမ်းမဲ့ဈေးသည်များ ဈေးရောင်းခြင်း၊ လမ်းများတွင် တပ်ဆင်ထားသော မီးပွိုင့်စနစ်များသည် တိုးတက်သည့်ယာဉ်အစီးရေနှင့် လိုက်လျောညီသည့် ခေတ်မီစနစ်မရှိခြင်း၊ ခရီးသည်တင်ဘတ်စ်ကားများ စနစ်တကျမောင်းနှင်မှုမရှိခြင်း၊ စနစ်တကျမရပ် နားခြင်း၊ လမ်းများတွင် ကုန်တင်ယာဉ်နှင့် ကားလေးများရောထွေးအသုံးပြုနေခြင်း၊ လမ်းပေါ်တွင် စက်ဘီး၊ ဆိုင်ကယ်၊ ဆိုက်ကား၊ လက်တွန်းလှည်းများနှင့် လမ်းဖြတ်ကူးသူများ စနစ်တကျသွားလာမှု မရှိခြင်း၊ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ် ပြည့်စုံကောင်းမွန်မှုမရှိခြင်းစသည်တို့ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ တင်ပြထားတဲ့အကြောင်းရင်းတွေကြောင့် ဖြစ်ပါတယ်။

ယာဉ်ကြောပိတ်ဆို့မှုပြဿနာများဖြေရှင်းရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ ရန်ကုန်တိုင်း ဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(Yangon Road Transport Authority-YRTA)အဖွဲ့ကိုဖွဲ့စည်း၍ ယာဉ်ကြောကြပ်တည်းမှုနှင့် အများပြည်သူသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်မြို့တွင်းရှိ လမ်းမကြီး များကို လမ်းမျက်နှာပြင်ကောင်းမွန်စေရေး၊ လမ်းသားတင်ခြင်းနှင့် လမ်းတိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ လမ်းများပေါ်တွင် ရေကြီးရေလျှံမှုလျော့နည်းပပျောက်စေရန် ရေစီး ရေလာစနစ်များ စနစ်တကျပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်မြို့တွင်း မော်တော်ယာဉ် တင်သွင်းမှုစနစ်ကျရေးကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ လမ်းပေါ်ရှိ စည်းကမ်းမဲ့ယာဉ်များရပ်နားခြင်း၊ မောင်းနှင်ခြင်းနှင့် လမ်းပေါ်လမ်းဘေးဈေးသည် များကို ပိုမိုထိရောက်စွာ ကြပ်မတ်အရေးယူနိုင်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေအသစ်ကို ၂၈-၆-၂၀၁၈ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီး ၁-၁၀-၂၀၁၈ ရက်နေ့တွင် စတင်အာဏာ သက်ဝင်ကျင့်သုံးလျက်ရှိပါသဖြင့် ဥပဒေပါပြဋ္ဌာန်းချက်များဖြင့် ပိုမိုထိရောက်စွာ ဆောင်ရွက်သွားနိုင် မှာဖြစ်ပါတယ်။ မီးပွိုင့်စနစ် ခေတ်မီတိုးတက်ရေးအတွက် ယခုအခါ ခေတ်မီဗဟိုထိန်းချုပ်စနစ် ပါဝင်တဲ့ မီးပွိုင့် ၁၅၄ ပွိုင့်ကို တင်ဒါအောင်မြင်တဲ့ တရုတ်နိုင်ငံ CRCC(China Railway Construction Corporation Ltd)ကုမ္ပဏီနှင့်ဆောင်ရွက်ခဲ့ရာ စမ်းသပ်လည်ပတ်ခြင်းအဆင့် ရောက်ရှိနေပြီဖြစ်ပါတယ်။ ခရီးသည်တင်ယာဉ်များ စနစ်တကျရှိစေရေးကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ YBS စနစ်သစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် YBS လိုင်းပေါင်း ၁၀၀ ဖြင့် ပြေးဆွဲပေးလျက်ရှိပါတယ်။

ထို့အပြင် ကုန်တင်ယာဉ်ကြီးများ စနစ်တကျသွားလာစေရန် အချိန်နှင့်လမ်းကြောင်းစနစ်ကို သတ်မှတ်ပေးခြင်း၊ စက်ဘီး၊ ဆိုက်ကားနှင့် လက်တွန်းလှည်းများသွားလာနိုင်သည့် လမ်းကြောင်း

သတ်မှတ်ပေးခြင်းနှင့် လမ်းသွားလမ်းလာများအတွက် လူသွားလမ်းများရှင်းပေးခြင်း၊ သတ်မှတ်ပေးခြင်း၊ လမ်းဖြတ်ကူးသူများ အန္တရာယ်ကင်းစွာ လမ်းကူးနိုင်ရေးအတွက် လူကူးခုံကျော်တံတားများ တည်ဆောက်ပေးခြင်းနှင့် စနစ်တကျအသုံးပြုစေရန် စည်းကမ်းကြပ်မတ်အရေးယူခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)အဖွဲ့တို့ ပူးပေါင်း၍ ယာဉ်လမ်းကြောစီမံခန့်ခွဲခြင်း၊ ဘတ်စ်ကားနှင့် ရထားပို့ဆောင်ရေးကွန်ယက်များ ချိတ်ဆက်မှုအားကောင်းလာစေရေး ဆောင်ရွက်ခြင်းနှင့် ဘတ်စ်ကားဝန်ဆောင်မှု အဆင့်မြှင့်တင်ခြင်း စီမံကိန်းဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ရန်ကုန်မိုးပျံအမြန်လမ်းမကြီးတည်ဆောက်ရန် အကြံပေးအဖွဲ့အနေဖြင့် International Finance Cooperation(IFC)ကို ငှားရမ်း၍ စတင်ဆောင်ရွက်လျက်ရှိပါတယ်။

ကားပါကင်အခက်အခဲများ ဖြေရှင်းနိုင်ရန်အတွက် လမ်းမကြီးများတွင် လမ်းနယ်နိမိတ်တိုးချဲ့၍ ယာဉ်ရပ်နားနေရာများ တည်ဆောက်ပေးလျက်ရှိပြီး မြို့တွင်းမြို့နယ်များ၌ ပုဂ္ဂလိကကုမ္ပဏီများနှင့် ပူးပေါင်း၍ Smart ကားပါကင်လုပ်ငန်းဆောင်ရွက်ရန် စီစဉ်လျက်ရှိပါတယ်။ အဆောက်အဦများ ဆောက်လုပ်ရာတွင်လည်း အဆောက်အဦအသုံးပြုမှုအလိုက် ကားပါကင်များ စနစ်တကျလုံလောက်စွာ ထည့်သွင်းတည်ဆောက်ရန် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်မြို့တွင်း တိုးတက်များပြားလာသည့် လူဦးရေနှင့်လိုက်လျောညီမည့် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်များ ပေါ်ပေါက်လာစေရန် ရေရှည်စီမံချက်ချ၍ လုပ်ဆောင်ပေးခြင်းဖြင့် အများပြည်သူသုံးစနစ်တိုးတက်ကောင်းမွန်လာသဖြင့် ကိုယ်ပိုင်ကားအသုံးပြုမှု လျော့ပါးစေခြင်းတို့ဖြင့်လည်းကောင်း ယာဉ်ကြောကြပ်တည်းမှုပြဿနာနှင့် ကားပါကင်ပြဿနာများ ဖြေရှင်းသွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**လားရှိုးမြို့ မြို့တွင်းမီးပွိုင့်တပ်ဆင်မှု၏ ဆက်စပ်မေးခွန်းဖြေကြားချက်နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုင်းမောက်ခမ်း(လားရှိုးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှာ ကျွန်တော့်ရဲ့ မဲဆန္ဒနယ် လားရှိုးမြို့တွင်း လမ်းဆုံလမ်းခွငါးနေရာမှာ မီးပွိုင့်များတပ်ဆင်ပေးရန် အစီအစဉ်နဲ့ ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခဲ့ပါတယ်။ မေးခွန်းကို ပြည်ထဲရေးဝန်ကြီးဌာန ယခင်ဒုတိယဝန်ကြီးက ရှမ်းပြည်နယ်အစိုးရရဲ့ကိုယ်စား လာရောက်ဖြေကြားရာမှာ အကြောင်းအကျိုးအမျိုးမျိုးကြောင့် တစ်နေရာမှ တပ်ဆင်ပေးရန်အစီအစဉ်မရှိပါကြောင်း ဖြေကြားထားပါတယ်။ အဲဒီလိုဆိုလို့ရှိရင် ယာဉ်အသွားအလာရှုပ်ထွေးတဲ့ မြို့တော်ခန်းမအဝိုင်းလမ်းဆုံမှာ ယာဉ်မတော်တဆဖြစ်မှုအန္တရာယ်ကာကွယ်နိုင်အောင် မည်သို့သောအစီအမံများဖြင့် စီစဉ်ထားရှိသည်ကို သိရှိလိုပါကြောင်း ဆက်စပ်မေးမြန်းခဲ့ပါတယ်။ ဆက်စပ်မေးခွန်းအတွက် ရှမ်းပြည်နယ်အစိုးရမှ ကွင်းဆင်းစစ်ဆေး

**မူကြမ်း**

စေချက်အရ ထွက်ပေါ်လာတဲ့အစီအမံသုံးမျိုးအနက်က အသင့်တော်ဆုံးအစီအမံတစ်မျိုးမျိုးနဲ့ ဆောင်ရွက်သွားရန် လျာထားပါကြောင်း ရုံးစာဖြင့်ပြန်ကြားထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒီပုံကတော့ အဝိုင်းလမ်းဆုံဖြစ်ပါတယ်။ ဒီဘက်က မြို့တော်ခန်းမ၊ ဒီဘက်က စက်သုံးဆီဆိုင်၊ ဆက်သွယ်ရေးရုံး အဝိုင်းငယ်လေးဖြစ်ပါတယ်။ ဒါကတော့ မြေပြင်မှာ တွေ့ရတဲ့အနေအထားပုံဖြစ်ပါတယ်။ စက်သုံးဆီဆိုင်၊ မြို့တော်ခန်းမ၊ ဆက်သွယ်ရေးရုံးဖြစ်ပါတယ်။ ဒါကတော့ အဝိုင်းပေါ်မှာတင်ထားတဲ့ ရုပ်ထုပုံဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ မီးပွိုင့်မရှိတဲ့အတွက် ဒီအဝိုင်းကိုပတ်လာတဲ့ မော်တော်ယာဉ်ဟာ ဒီမှာရပ်ထားတဲ့ မော်တော်ယာဉ်ရှေ့မှာ ဖြတ်ပြီးတော့ စက်သုံးဆီဆိုင်ထဲဝင်သွားတဲ့အတွက် ယာဉ်အန္တရာယ်ဖြစ်နိုင်ခြေပိုများတဲ့အခြေအနေဖြစ်တဲ့ပုံဖြစ်ပါတယ်။ ဒါက အဝိုင်းနားမှာ ယာဉ်ကြောကိုပြောင်းပြန်ပြီးတော့ စီးနေတဲ့ပုံဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အစိုးရလျာထားတဲ့အစီအမံ သုံးမျိုးထဲက ပထမအစီအမံအနေနဲ့ လက်ရှိ ပေ ၄၀ အဝိုင်း၊ ပေ ၄၀ အကြီးရှိတဲ့အဝိုင်းကို ပေ ၆၀ အဝိုင်းအဖြစ် ပြုပြင်ပြီး ယာဉ်ကြောကို ထိန်းမယ့်အစီအစဉ်ဖြစ်ပါတယ်။ သို့သော် ကောင်းကျိုးထက် ဆိုးကျိုးသာများနိုင်ကြောင်း စိစစ်ရေးအဖွဲ့က သုံးသပ်တင်ပြထားပါတယ်။ ဒုတိယအစီအမံအရ လက်ရှိအဝိုင်းကိုပဲ နေရာအနည်းငယ်ရွှေ့ပြီး ဆောင်ရွက်သွားမယ့်နည်းလမ်းဖြစ်ပါတယ်။ ဒါလည်း ဒီထက်ထူးခြားမှုမရှိနိုင်ကြောင်း သုံးသပ်တင်ပြထားပါတယ်။ တတိယအစီအမံကတော့ လက်ရှိအဝိုင်းကို လေးခွဆုံလမ်းအဖြစ် ပြောင်းပြီး မီးပွိုင့်တပ်ဆင်တဲ့စနစ်နဲ့ ဆောင်ရွက်မယ်ဆိုပါက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ထိရောက်စွာ ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း ပြန်ပြီးသုံးသပ်တင်ပြထားပါတယ်။ သို့သော် အဝိုင်းပေါ်မှာတင်ထားတဲ့ ရုပ်ထုဖယ်ရှားရေးအတွက် လားရှိုးပြည်သူလူထုရဲ့ဆန္ဒသဘောထားကို ရယူပြီးမှသာ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားထားပါတယ်။ အဲဒီလို ဖြေကြားထားတာ အခုဆိုလို့ရှိရင် တစ်နှစ်ကျော်ကြာခဲ့ပြီဖြစ်တဲ့အတွက် လားရှိုးပြည်သူများရဲ့ကိုယ်စား မေးမြန်းလိုတာက ဖော်ပြပါ ထိရောက်စွာဆောင်ရွက်နိုင်မယ့်အစီအမံကို မည်သည့်အချိန်ကျမှ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှာဖြစ်ကြောင်း သိရှိလိုတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ လားရှိုးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းမောက်ခမ်း၏ ကြယ်ပွင့်ပြမေးခွန်းအဖြစ် လားရှိုးမြို့ မြို့တွင်းမီးပွိုင့် တပ်ဆင်မှု၏ ဆက်စပ်မေးခွန်း ဖြေကြားချက်နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေကို သိရှိလိုခြင်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော်က ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်အရ လားရှိုးမြို့ မြို့တော်ခန်းမအဝိုင်းပတ်လမ်းဆုံ (ရပ်ကွက်-၂)နေရာမှာ မီးပွိုင့်တပ်ဆင်၍မရသော်လည်း အဝိုင်းပတ်နှင့် စည်းလုံးညီညွတ်ခြင်းရုပ်ထုကို ဖျက်သိမ်းဖယ်ရှားမှသာ အဆင်ပြေနိုင်မှာဖြစ်ပါတယ်။ ရေကန်လမ်းနှင့် ခိုင်ရွှေဝါလမ်းဆုံ (ရပ်ကွက်-၅) မှာ မီးပွိုင့်တပ်ဆင်ပေးရန် အစီအစဉ်မရှိသော်လည်း ယာဉ်မောင်းနှင်သွားလာသူများ သတိပြု၍ အရှိန်လျှော့သွားလာစေရေးအတွက် သတိပေးမှတ်တုတ်မီးဝါနှစ်ခုကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမခြောက်လအတွင်း တပ်ဆင်ပေးရန် စီစဉ်ထားရှိပါတယ်။ သိန္နီလမ်းနှင့် ကွတ်ခိုင်လမ်း ရေပန်း လမ်းဆုံ၊ ရပ်ကွက်-၂ နေရာသည် ကုန်းအဆင်း/အတက်၊ အကွေ့နေရာဖြစ်သောကြောင့် မီးပွိုင့် တပ်ဆင်၍မရကြောင်း သိရှိရပါတယ်။ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် သိန္နီလမ်းထောင့်ရှိ မြင်ကွင်းကျယ်နေသော ထရမ်စဖော်မာကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့်ညှိနှိုင်း၍ နေရာ ရွှေ့ပြောင်းရန် စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သိန္နီလမ်းနှင့် ဟတ်ကာလမ်းဆုံ ရပ်ကွက်-၁၂ မှာ မီးပွိုင့်တပ်ဆင်ပေးရန် အစီအစဉ်မရှိသော်လည်း ယာဉ်မောင်းနှင်သွားလာသူများ သတိပြု၍ အရှိန်လျှော့သွားလာစေရေးအတွက် သတိပေးမှတ်တုတ်မီးဝါနှစ်ခုကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမခြောက်လအတွင်း တပ်ဆင်ပေးရန် စီစဉ်ထားရှိပါတယ်။ သိန္နီလမ်းနှင့် ဟူးမွန်ဆည်လမ်းဆုံ (ရပ်ကွက်-၈-၁၂/ပမန်ဆူအနီး)မှာ မီးပွိုင့်တပ်ဆင်ပေးရန် အစီအစဉ်မရှိသော်လည်း ယာဉ်မောင်းနှင် သွားလာသူများသတိပြု၍ အရှိန်လျှော့သွားလာစေရေးအတွက် သတိပေးမှတ်တုတ်မီးဝါတစ်ခု၊ ရပ်/ကြည့်/သွား ဆိုင်းဘုတ်တစ်ခုကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမခြောက်လအတွင်း တပ်ဆင် ပေးသွားမှာဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွှေပြည်သာမဲဆန္ဒနယ်က ဦးဉာဏ်လင်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးမှ မိမိတို့ လွှတ်တော်ရုံးကို ၅-၆-၂၀၁၈ ရက်နေ့က တင်ခဲ့ပါတယ်။ လွှတ်တော်ရုံးကနေပြီးမှ စိစစ်မှုများဆောင်ရွက်ခဲ့ပြီး ၁၈-၆-၂၀၁၈ နေ့ရက်မှာ အစိုးရ အဖွဲ့ရုံးသို့ ပေးပို့ခဲ့ပါတယ်။ ဝန်ကြီးဌာနက ၃၁-၁၀-၂၀၁၈ ရက်နေ့ကျမှ ဖြေကြားရန် အသင့် ဖြစ်ကြောင်း၊ တင်ပြလာခြင်းဖြစ်ကြောင်းသိရှိနိုင်ရန် ရှင်းလင်းအပ်ပါတယ်။ သတ်မှတ်ချိန်အတွင်း ဦးစားပေးဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း အသိပေးပြော ကြားလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။]

**မူကြမ်း**

**အချိန်၊၁၁း၄၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဦးဇော်မင်းသိန်း၊ လေးမျက်နှာမဲဆန္ဒနယ်က တစ်နေ့တခြား များပြားလာသည့် ယာဉ်တိုက်ခိုက်မှုများကြောင့် နိုင်ငံတော်အား အကျိုးပြုမည့် လူသားအရင်းအမြစ်များ ထိခိုက်သေဆုံးမှု လျော့ချနိုင်ရန် နိုင်ငံတော်အဆင့် အမျိုးသားယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ (NRSC) ဖွဲ့စည်းပြီးဆောင်ရွက်နေသော်လည်း ပြည်သူများ လိုက်နာကျင့်သုံး ဆောင်ရွက်မှု ရလဒ်ကောင်းများရရှိမှု အားနည်းသည့်အပေါ် လက်တွေ့ကျသည့် လုပ်ဆောင်ချက်၊ လိုအပ်ချက်များ ဖြည့်ဆည်းကာ ပိုမိုအရှိန်မြှင့်အကောင်အထည်ဖော် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးဇော်မင်းသိန်း အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဇော်မင်းသိန်း(လေးမျက်နှာမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ လေးမျက်နှာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တင်သွင်းမယ့်အဆို က တစ်နေ့တစ်ခြားများပြားလာတဲ့ ယာဉ်ထိခိုက်မှုများကြောင့် နိုင်ငံတော်ရဲ့အားထားရတဲ့ လူသား အရင်းအမြစ်များ ထိခိုက်သေဆုံးနေမှုအပေါ်မှာ လျော့ချနိုင်ဖို့ နိုင်ငံတော်အဆင့် အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဖွဲ့စည်းဆောင်ရွက်နေသော်လည်း ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ရလဒ်ကောင်းများရရှိမှု၊ အားနည်းနေသည့်အပေါ်မှာ လက်တွေ့ကျတဲ့ လိုအပ်ချက်၊ လုပ်ဆောင်ချက်များ ပိုမိုဖြည့်ဆည်းအကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ ဒီအဆိုကို တင်သွင်းရခြင်း ရည်ရွယ်ချက်သုံးရပ်ရှိပါတယ်။ နိုင်ငံသားတိုင်း ယာဉ်တိုက်မှုဖြစ်စဉ်များကနေပြီးတော့မှ ထိခိုက် သေဆုံးကိုလျော့ချနိုင်ရေး၊ တရားဥပဒေစိုးမိုးမှုအောက်မှာ စည်းကမ်းလိုက်နာတဲ့နိုင်ငံသားများ ဖြစ်ထွန်းစေရေးနှင့် နိုင်ငံသားတိုင်း အသက်ရှည်စွာအနာမဲ့ပြီး လူ့သက်တမ်းကုန်ဆုံးသည်အထိ စိတ်ချမ်းသာစွာနေထိုင်နိုင်ရေးတို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်မှာ ယာဉ်တိုက်မှုဖြစ်စဉ်များကြောင့် နှစ်စဉ် လူ ၁.၃ သန်းခန့် သေဆုံးပြီးတော့မှ သန်း ၅၀ ခန့်ဟာ ထိခိုက်ဒဏ်ရာရခြင်း၊ ကိုယ်အင်္ဂါမသန်စွမ်းခြင်းတို့ ဖြစ်လျက်ရှိနေပါတယ်။ နေ့စဉ်ဆိုသလိုပဲ လူ ၃၅၀၀ ခန့်သေဆုံးပြီးတော့မှ တစ်နာရီတိုင်း တစ်နာရီတိုင်း လူ ၁၅၀ ခန့် သေနေတယ်လို့ သိရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးလာတာနဲ့အမျှ ယာဉ်အသုံးပြုသူများပြားလာပြီးတော့မှ ယာဉ်တိုက်မှုဖြစ်စဉ်များဟာလည်း တစ်နေ့တစ်ခြားများပြားလျက်ရှိပါတယ်။ ယာဉ်ကိုမဆင်မခြင်မောင်းနှင်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားမလည်ဘဲမောင်းနှင်ခြင်း၊ မူးယစ်သောက်စားပြီးမောင်းနှင်ခြင်းများကြောင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာသူများကော အပြစ်မဲ့ပြည်သူများပါ ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်းများ မြင်တွေ့နေရပါတယ်။ ဒါဟာ လူမှုရေး၊ စီးပွားရေးအရ ဆုံးရှုံးမှုအင်မတန်ကြီးမားပြီးတော့ နိုင်ငံ့အတွက်လည်း စိုးရိမ်ရတဲ့ အနေအထားတစ်ရပ်ကို ရောက်ရှိလိုနေပါတယ်။ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကို ဆောင်ရွက်တဲ့နေရာမှာ ဌာနတစ်ခု၊ အဖွဲ့အစည်းတစ်ခုတည်းကနေပြီးတော့မှ ဆောင်ရွက်ဖို့ ကန့်သတ်ချက်တွေ၊ အခက်အခဲတွေရှိတာကြောင့် ဌာနစုံ၊ ကဏ္ဍစုံကနေပြီးတော့ ပေါင်းစပ်ဆောင်ရွက်မှသာလျှင် အောင်မြင်မှာမို့လို့ ပြီးခဲ့တဲ့အစိုးရလက်ထက်မှာ အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီကို ဒုတိယသမ္မတ-၂ မှ ဦးဆောင်ပြီးတော့မှ ဖွဲ့စည်းခဲ့ပါတယ်။ ရည်ရွယ်ချက်တွေများကတော့ စီမံချက်ကာလ ၂၀၁၄-၂၀၂၀ ခုနှစ်အတွင်း ယာဉ်တိုက်မှုကြောင့်သေဆုံးသူဦးရေကို ၅၀ ရာခိုင်နှုန်း လျှော့ချရန် ၂၀၁၃ ခုနှစ်မှာ ယာဉ်စီးရေ ၁၀၀၀၀ မှာ သေဆုံးသူ ၉.၂၆ ဦးကနေပြီးတော့မှ ၂၀၂၀ ခုနှစ်မှာ ၅၀ ရာခိုင်နှုန်းလျှော့ချသွားရန် တစ်ပြည်လုံးမှာ ဆိုင်ကယ်စီးသူ အားလုံးမော်တော်ဆိုင်ကယ်စီး ဦးထုပ်ဆောင်းစေရန်၊ ယာဉ်အသုံးပြုသူ ၇၀ ရာခိုင်နှုန်း ခါးပတ်ပတ်စေရန်နှင့် ယာဉ်မောင်းလိုင်စင်မဲ့ မောင်းနှင်မှုများ ပပျောက်ရန်တို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါ။ ၃၁-၅-၂၀၁၆ ရက်နေ့မှာ ဖွဲ့စည်းခဲ့တဲ့ (NRSC)မှာ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး ပြည်ထဲရေးဝန်ကြီးနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးတို့က ဒုဥက္ကဋ္ဌများဖြစ်ကာ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအပါအဝင် အဖွဲ့ဝင် ၃၅ ဦးဖြင့် ဖွဲ့စည်းပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးဖြစ်ပါတယ်။ လုပ်ငန်းတာဝန်များကတော့ ကုန်းလမ်းပို့ဆောင်မှုအန္တရာယ်ကင်းရှင်းရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်၊ ပါဝင်ဆောင်ရွက်ရမည့် ဌာနအဖွဲ့အစည်းများ၏ တာဝန်ရှိမှုများကို ဖော်ထုတ်သတ်မှတ်ပေးရန် လုံလောက်သော ငွေကြေးရန်ပုံငွေနှင့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိရေးဆောင်ရွက်ပေးရန်၊ ငွေကြေးသုံးစွဲမှုများကို စောင့်ကြည့်ထိန်းသိမ်းကြပ်မတ်သွားရန်၊ ဖြစ်ပေါ်တိုးတက်မှုနှင့် တွေ့ကြုံရသည့်အခက်အခဲများအား အစီရင်ခံတင်ပြရန်၊ ကျန်းမာရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍများအရ ယာဉ်အန္တရာယ်ကြောင့် အဟန့်အတားဖြစ်စေနိုင်သော ပြည်သူတစ်ရပ်လုံး သိရှိခံယူလေးစားလိုက်နာရေးဆောင်ရွက်သွားရန်၊ ပြည်တွင်းပြည်ပစေတနာရှင်အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များ၏ လှူဒါန်းငွေဖြင့် ရန်ပုံငွေတစ်ရပ် ထူထောင်သွားရန်၊ သတ်မှတ်ကာလအတွင်း ထိရောက်စွာ အကောင်အထည်ဖော်နိုင်ခြင်းရှိ/မရှိ စောင့်ကြည့်စစ်ဆေးရန်နှင့် ခေတ်ကာလနှင့်ကိုက်ညီစေရန်၊ ပြင်ဆင်ဆောင်ရွက်မှုများအပေါ် ကြီးကြပ်

ကွပ်ကဲရန်၊ လိုအပ်သည့် နည်းပညာဆိုင်ရာအထောက်အပံ့များရရှိရေးဆောင်ရွက်ရန်၊ ပတ်ဝန်းကျင် ထိခိုက်မှုလျှော့နည်းခြင်းဆောင်ရွက်ရန်နှင့် ယာဉ်ကြောပိတ်ဆို့မှုလျှော့ချရေးဆောင်ရွက်ရန်၊ သုတေသနပြုခြင်းနှင့် လိုအပ်သည့်ဥပဒေများပြဋ္ဌာန်းခြင်းတို့ ဆောင်ရွက်သွားရန်တို့ဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်မည့်စီမံချက်များမှာ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲခြင်းကို ဆောင်ရွက်ခြင်း၊ မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေများဆောင်ရွက်ခြင်း၊ မော်တော်ယာဉ်များ၏ စံသတ်မှတ်ချက်ဖြင့် လမ်းပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်မှု ဆောင်ရွက်ခြင်း၊ ယာဉ်မောင်းသူများအား သင်တန်းပေးခြင်းနှင့် စစ်ဆေးခြင်း၊ ဘေးအန္တရာယ်ကင်းစေသည့်လုပ်ငန်းများ စီမံဆောင်ရွက်ခြင်းနှင့် ဒီဇိုင်းများရေးဆွဲခြင်း၊ ယေးအန္တရာယ်ဖြစ်လေ့ရှိသော နေရာများအား ကောင်းမွန်အောင် ပြုပြင်မွမ်းမံခြင်း၊ အသိပညာပေးလုပ်ရှားမှုများ ဆောင်ရွက်ခြင်း၊ ကလေးသူငယ်များအား ပညာပေးခြင်း၊ ယာဉ်ထိန်းရဲနှင့် စစ်ဆေးအရေးယူမှုလုပ်ငန်း သတင်းအချက်အလက်စနစ် သုတေသနလုပ်ငန်းတွေ ပျက်စီးဆုံးရှုံးမှုတန်ဖိုးတွက်ချက်ခြင်း၊ ထိခိုက်ဒဏ်ရာရသူများအား အရေးပေါ်ကူညီပေးခြင်း၊ ဘဏ္ဍာငွေရှာဖွေခြင်း၊ ပေါင်းစပ်ဆောင်ရွက်မှုများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေ ပုဒ်မ ၃၉ ပုဒ်မခွဲ(က)မှာ အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီများကို ဖွဲ့စည်းပြီး ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ တစ်ခါ (ခ)မှာ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီသည် ခရိုင်/မြို့နယ်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီများဖွဲ့စည်း၍ ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ (NRSC) ဖွဲ့စည်းမှုအဆင့်ဆင့်တော့ရှိပါတယ်။ ခရိုင်နှင့်မြို့နယ်များအဆင့်ထိ ရောက်တဲ့အခါမှာတော့ အဖွဲ့ဝင်တွေဟာ သူတို့ကိုယ်သူတို့ အဖွဲ့ထဲမှာပါမှန်းတောင်မသိတော့ပါဘူး။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်(NRSC) တစ်နိုင်ငံလုံးစာရင်းချုပ်မှာ ယာဉ်တိုက်မှု ၁၈၁၇၁ မှုမှာ ၂၉၁၄၄ ဦး ဒဏ်ရာရပြီး ၅၂၅၀ ဦးသေဆုံးတယ်လို့ ဖော်ပြပါတယ်။ ၂၀၁၇ ခုနှစ်တည်းမှာပဲ ဧရာဝတီ (ARSC) စာရင်းနှင့် တိုင်းကျန်းမာရဲ့မြို့နယ်အလိုက် ဆေးရုံများသို့ ရောက်ရှိလာတဲ့စာရင်းဇယားများကို နှိုင်းယှဉ်ကြည့်တဲ့အခါမှာ ဒဏ်ရာရသူ ၁၀၀၀၀ ခန့်နှင့် သေဆုံးသူ ၁၀၀ ခန့်ကွာဟတာတွေ့ရပါတယ်။ ဘာ့ကြောင့်ကွာဟလည်း လေ့လာကြည့်တဲ့အခါမှာ Traffic လို့ဆိုထားတဲ့အတွက် ကုန်းလမ်းကော၊ ရေလမ်းပါ ထည့်သွင်းဖော်ပြထားမှုကြောင့် ပိုများနေတာဖြစ်တယ်လို့ သိရပါတယ်။

နောက်အကြောင်းတစ်ချက်က ယာဉ်တိုက်မှုကြောင့် ဆေးရုံရောက်လာပေမဲ့ နှစ်ဖက်ကြေအေးသွားတဲ့အမှုတွေမှာ ရဲဌာနဘက်က တရားဝင်စာရင်းအဖြစ်မရှိတော့တဲ့အတွက် ကိန်းဂဏန်းတွေနည်းနေတာဖြစ်ကြောင်း သိရပါတယ်။ လေးမျက်နှာမြို့နယ်ရဲ့ ရဲဌာနစာရင်းများအရ ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ် သုံးနှစ်စာ ယာဉ်တိုက်မှုဖြစ်စဉ်ပေါင်း ၅၇ မှုမှာ ဒဏ်ရာရသူ ၉၃ ဦး၊ သေဆုံးသူ ၂၀ ဦး ဆုံးရှုံးမှုတန်ဖိုး ၁၁၆၀၂၀၀ သာ ဖော်ပြပါတယ်။ လေးမျက်နှာမြို့နယ်ထဲမှာပဲ ၁၁-၅-၂၀၁၈ ရက်နေ့က ကားနှင့်ဆိုင်ကယ်တိုက်မှု၊ ကားနှင့်ထော်လာဂျီတိုက်မှု ၂ မှုဖြစ်စဉ် ၄-၉-၂၀၁၈ ရက်နေ့

အမျိုးသားတစ်ဦး ဆိုင်ကယ်ပေါ်မှ ပြုတ်ကျသည့်ဖြစ်စဉ် ၁၁-၅-၂၀၁၈ ရက်နေ့မှာ ကားနှင့်ဆိုင်ကယ်တိုက်မှုဖြစ်စဉ် စုစုပေါင်း ၄ မှုမှာ ခြေကျိုး၊ ဦးခေါင်းခွံအပ်ဖြစ်ရပ်တွေနဲ့ ဆုံးရှုံးမှုတန်ဖိုးအမှန် သိန်း ၁၀၀ ကျော်ရှိပါတယ်။ နှစ်ဖက်ပြေလည်သွားတဲ့အတွက် ဒီစာရင်းတွေဟာ (NRSC) စာရင်းထဲကို မဝင်တော့ပါဘူး။ ဒီလိုအခြေအနေတွေဟာ အောက်ခြေမြို့နယ်တိုင်းမှာ များစွာ ရှိနေပါတယ်။ ဒါကြောင့် (NRSC)ဗဟိုကိုရောက်လာတဲ့ ယာဉ်တိုက်မှုဖြစ်စဉ်တွေမှာ ဖြစ်ပွားမှုအရေအတွက်၊ ဒဏ်ရာရသူအရေအတွက်၊ ဖြစ်တဲ့အချိန်၊ ဖြစ်တဲ့နေရာ၊ ဖြစ်တဲ့အကြောင်းအရင်း၊ ဆုံးရှုံးမှုတန်ဖိုး စတဲ့အကြောင်းအရာများဟာ အနီးစပ်ဆုံးကိန်းဂဏန်းများနှင့် များစွာကွာဟသွားတော့မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီပုံကတော့ ၈-၁၁-၂၀၁၈ ရက်နေ့က လေးမျက်နှာမြို့နယ်ထဲမှာ ယာဉ်အန္တရာယ်အသိပညာပေးခြင်းတွေ စစ်တမ်းကောက်ယူခြင်းများပဲ ဖြစ်ပါတယ်။ ခရိုင် ကညန ခရိုင်၊ ရဲ၊ ထွေအုပ်၊ ယာဉ်ထိန်း၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အဲဒီနေ့မတိုင်ခင် အဲဒီနေရာမှာပဲ ယာဉ်သွားလာမှုကိုစောင့်ကြည့်မှတ်သားခဲ့တာက တစ်နာရီကို ယာဉ်အစီး ၄၀၀ ခန့် ဖြတ်သန်းသွားပေမဲ့ စစ်တဲ့နေ့မှာတော့ အဖွဲ့စုကိုတွေ့တာနဲ့ နောက်ကြောင်းပြန်ပြေးတာ။ တခြားလမ်းက ပတ်ပြေးသွားတာတွေ တွေ့ရပါတယ်။ နှစ်နာရီခွဲကြာတဲ့ အချိန်ထိ ဆိုင်ကယ် ၂၇၉ စီးကိုသာ အသိပညာပေးစစ်တမ်းယူနိုင်ခဲ့ပါတယ်။ ဆိုင်ကယ် ၂၇၉ စီးမှာ ဦးထုပ်မဆောင်းသူ ၁၄၁ စီး၊ ယာဉ်စည်းကမ်းနဲ့ပတ်သက်လို့ လမ်းသွယ်ကနေ လမ်းမကြီးကို ထွက်လိုလျှင် လမ်းဘယ်/ညာကွေ့လိုလျှင် ဘာလုပ်မလဲဆိုတဲ့ မေးခွန်းနှစ်ခုကိုတောင်မှ မှန်အောင်မဖြေနိုင်သူ ၆၀ ဦးရှိပါတယ်။ ယာဉ်မောင်းလိုင်စင်များကို ကိုယ်တိုင်ဖြေဆိုတတ်ကျွမ်း၍ အောင်မြင်ခဲ့တာမဟုတ်ဘဲ ကြားလူကူညီဆောင်ရွက်ပေးမှုကြောင့် ရခဲ့တယ်ဆိုတဲ့လူက ၈၂ ဦးရှိပါတယ်။ အိမ်စီးကားတွေကို စစ်ဆေးတဲ့အခါမှာ ခါးပတ်မပတ်သူ ၅၀ ရာခိုင်နှုန်းနှင့် မိမိနောက်က ကားအား ကျော်တတ်စေလိုလျှင် ဘယ်လိုအချက်ပြရမလဲဆိုတဲ့ မေးခွန်းကို မှားဖြေသူ ၅၀ ရာခိုင်နှုန်း ရှိပါတယ်။ နောက် ယာဉ်ထိန်းရဲအင်အားပါ တစ်နိုင်ငံလုံး လက်ရှိယာဉ်အစီးရေ ၇၁၅၈၀၆၄ စီးမှာ အင်အား ၃၂၉၀ ဦးဖြင့် စားလိုက်လို့ရှိရင် ယာဉ်ထိန်းရဲတစ်ဦးကို ယာဉ် ၂၁၇၅ စီး တာဝန်ယူနေရတဲ့ သဘောဖြစ်နေပါတယ်။ ဟင်္သာတခရိုင်မှာတော့ ယာဉ်မှတ်ပုံတင်အစီးရေ ၂၀၀၃၂၆ စီးရှိပြီး ယာဉ်ထိန်းရဲ ၁၈ ဦးနဲ့စားလိုက်တဲ့အခါမှာ ယာဉ်ထိန်းရဲတစ်ဦးကို ယာဉ် ၁၁၁၂၉ စီးတာဝန်ယူနေတဲ့အတွက် တာဝန်ကြီးနေသလို ခရိုင်ထဲက အခြား ၅ မြို့နယ်မှာလည်း ယာဉ်ထိန်းရဲတစ်ယောက်မှာ သူတို့ထားမပေးနိုင်ပါဘူး။ ဒီပုံကတော့ ဟင်္သာတခရိုင် ယာဉ်ထိန်းရုံးရှေ့ အားကာမီးပွိုင့်ဖြစ်ပါတယ်။ အမြဲတမ်းစစ်ဆေးဖမ်းဆီးနေတဲ့ နေရာပါ။ အဖမ်းရပ်လိုက်တာနဲ့ ယာဉ်စီးသူများရဲ့ အနေအထားပါ။ ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပါဆိုတဲ့ ဗီနိုင်းဆိုင်းဘုတ်ကြီးအောက်က ယာဉ်အသုံးပြုသူများရဲ့ ပကတိအခြေအနေများဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာမှာလည်း ဒီပုံစံအတိုင်းပါပဲ။ စစ်တဲ့အချိန်၊ ဖမ်းတဲ့အချိန်လိုက်နာတယ်။ ပြီးရင် ဒီအတိုင်းပါပဲ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မွန်ပြည်နယ်ခရီးစဉ်မှာ ကျွန်မလုပ်ငန်းတာဝန်များကို သွားရောက်ဆောင်ရွက်စဉ်တိုင်း မော်တော်ယာဉ်ပေါ်မှ ကြည့်တဲ့အခါမှာ မော်တော်ဆိုင်ကယ် မောင်းနှင်စီးနှင်းနေသူများဟာ ဆိုင်ကယ်စီးဦးထုပ်များအား အသုံးပြုခြင်းမရှိဘဲ သွားလာနေသည်ကို မြင်တွေ့ရတဲ့အတွက် မော်တော်ယာဉ်ပေါ်မှဆင်းပြီး

ဖမ်းဆီးအရေးယူလိုစိတ်ဖြစ်ခဲ့ကြောင်း မော်တော်ဆိုင်ကယ်စီးရင် ဘာ့ကြောင့် ဦးထုပ်ဆောင်းဖို့လိုသလဲ ဆိုရင် ယာဉ်တိုက်မှုဖြစ်စဉ်တွေမှာ ဦးထုပ်ဆောင်းသူသေနှုန်းနဲ့ ဦးထုပ်မဆောင်းသူသေနှုန်းက အများကြီးကွာကြောင်း၊ ဒါ့ကြောင့် ပြည်သူတွေကို အန္တရာယ်ကင်းစေဖို့ ယာဉ်စည်းကမ်းအရ ကြပ်ကြပ်မတ်မတ်ကိုင်တွယ်စေချင်ကြောင်း၊ ဂရုနာဒေါသနဲ့ ထုတ်ဖော်မှာကြားခဲ့တဲ့ဖြစ်စဉ် ဖြစ်ခဲ့ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီကို ရည်ရွယ်ချက်ကောင်းတွေနဲ့ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်တွေ၊ လုပ်ငန်းစီမံချက်တွေ ချမှတ်ပြီးတော့မှ အကောင် အထည်တော့ ဖော်နေပါတယ်။ သို့သော်လည်း အကောင်အထည်ဖော်မှုအပိုင်း၊ ပြည်သူများရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအပိုင်း၊ ရလဒ်ကောင်းများရရှိမှုအပိုင်းမှာတော့ အမှန်တကယ်ကို အားနည်း နေပါတယ်။ ပြည်သူများရဲ့ အသားကျနေတဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာမှု၊ ချိုးဖောက်မှုများကို လက်တွေ့ကျတဲ့ လိုအပ်ချက်၊ လုပ်ဆောင်ချက်များ ပိုမိုအရှိန်မြှင့်လုပ်သင့်နေပါပြီ။ ခုချိန်မှစတင်၍ မဆောင်ရွက်နိုင်ရင် အခု လွှတ်တော်ထဲမှာရှိနေကြတဲ့ လွှတ်တော်ကိုယ်စားလှယ်တော် ကြီးများရော၊ အပြစ်မဲ့ပြည်သူများရော၊ နိုင်ငံ၏အနာဂတ်မျိုးဆက်များပါ ယာဉ်တိုက်မှုဆိုတဲ့ ဖြစ်စဉ်တွေမှာ တရားခံအနေနဲ့သော်လည်းကောင်း၊ သားကောင်အနေနဲ့သော်လည်းကောင်း အချိန် မရွေး၊ နေရာမရွေးဖြစ်သွားနိုင်ပါတယ်။ ယာဉ်တိုက်မှုများကြောင့် ထိခိုက်ဆုံးရှုံးမှုဟာ တစ်ဦးချင်း၊ တစ်ယောက်ချင်းအတွက်၊ မိသားတစ်စုအတွက် ဆုံးရှုံးမှုသာမကဘဲ နိုင်ငံတော်၏နစ်နာဆုံးရှုံးမှု ဖြစ်သည်အထိခံယူကာ အားလုံးဘက်ပေါင်းစုံက ဖြည့်ဆည်းပြီးတော့မှ အရှိန်မြှင့်ပူးပေါင်းဆောင်ရွက် သွားကြဖို့ လိုနေပါပြီ။ သို့အတွက်ကြောင့် ပြည်သူပြည်သားများအကျိုး၊ နိုင်ငံတော်အကျိုးအတွက် ဒီအဆိုကို တင်သွင်းလိုက်ရပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဇော်မင်းသိန်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်စိုးမင်း(ရွာငံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော် များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လေးမျက်နှာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်းရဲ့ တစ်နေ့တခြား များပြားလာသည့် ယာဉ်တိုက်မှုများကြောင့် နိုင်ငံတော်အားအကျိုးပြုမည့် လူသားအရင်းအမြစ်များ ထိခိုက်သေဆုံးမှုများကြောင့် နိုင်ငံတော်အဆင့် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်း ကောင်စီ(NRSC)ဖွဲ့စည်းဆောင်ရွက်နေသော်လည်း ပြစ်မှုများ လိုက်နာကျင့်သုံးဆောင်ရွက်မှု ရလဒ်ကောင်းများရရှိမှုအားနည်းနေသည်ကို လက်တွေ့ကျသည့် လုပ်ဆောင်ချက်များ၊ လိုအပ်ချက်များ ဖြည့်ဆည်းကာ ပိုမိုအရှိန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုကို လေ့လာကြည့်တဲ့အခါမှာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များကြောင့် (၁) နိုင်ငံတော်က အားထားရသော လူ့စွမ်းအားအရင်းအမြစ်များမဆုံးရှုံးစေရေး၊ (၂) တရားဥပဒေစိုးမိုးမှုအောက်တွင် စည်းကမ်းလိုက်နာသော နိုင်ငံသားများဖြစ်ထွန်းစေရေး၊ (၃) နိုင်ငံသူနိုင်ငံသားတိုင်း အသက်ရှည်အနာမဲ့၍ လူ့သက်တမ်းစေ့ စိတ်ချမ်းသာစွာနေထိုင်နိုင်ရေးတို့ဖြစ်ပါတယ်။ ယာဉ်တိုက်မှုများ၊ ယာဉ်မတော်တဆမှုများကြောင့် နိုင်ငံသူနိုင်ငံသားများရဲ့ အသက်နှင့်ခန္ဓာ၊ လူသားအရင်းအမြစ်များ ထိခိုက်ဆုံးရှုံးနစ်နာမှုများအား လျှော့ချကာကွယ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုဖြစ်တဲ့အတွက် အလေးအနက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နေ့စဉ်ထုတ်သတင်းစာ၊ ဂျာနယ်၊ အင်တာနက်၊ ဖေ့ဘုတ်စာမျက်နှာများတွင် နေ့စဉ်နှင့်အမျှ တွေ့နေရသောအရာသည် ယာဉ်တိုက်မှုများကြောင့် သေဆုံးဒဏ်ရာရမှုများ ဖြစ်ပါတယ်။ ယာဉ်အစီးရေ၊ ယာဉ်အသုံးပြုသူ တိုးတက်များပြားလာခြင်းနဲ့အတူ ကျွန်တော်တို့နိုင်ငံရဲ့ မြို့တိုင်း၊ ရွာတိုင်း၊ ရပ်ကွက်တိုင်းမှာလည်း ယာဉ်တိုက်မှုတွေ မကြာခဏမြင်တွေ့နေရပါတယ်။ ဆိုင်ကယ်ပေါ်က ပြုတ်ကျတာ၊ ဆိုင်ကယ်နဲ့တိုက်မိတာ၊ ဆိုင်ကယ်နဲ့ ထော်လာဂျီတိုက်တာ၊ ကားနဲ့တိုက်တာစတဲ့ ယာဉ်တိုက်မှုတွေဟာ မထူးဆန်းသလိုတောင်ဖြစ်နေပါပြီ။ ယာဉ်မတော်တဆမှုများကြောင့် သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှုတို့သည် ကျန်းမာရေးပြဿနာတစ်ခုခု မရှုမြင်သင့်ဘဲ လူမှုဘဝဆုံးရှုံးနစ်နာမှု၊ စီးပွားရေးအရ ထိခိုက်ဆုံးရှုံးမှုဖြစ်စေသည့် ပြဿနာဟု မှတ်ယူသင့်ပါတယ်။ ယခုရက်ပိုင်း ယာဉ်ထိခိုက်မှုကြောင့် သေဆုံးမှုဖြစ်စဉ်တွေမှာ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ ည ၁၁ နာရီ ၂၀ မိနစ်အချိန်တွင် ရန်ကုန်-မန္တလေးလမ်းမကြီး မိုင်တိုင်အမှတ်၊ ၂၂၉/၂၊ ၂၂၉/၃ အကြားမှာ အရှိန်မာအမြန်ယာဉ်ကားမှာ စက်ချို့ယွင်း၍ ရပ်ထားသော ကျေးဇူးရှင်အမြန်ယာဉ်ကားကို နောက်မှဝင်တိုက်ပြီး စုစုပေါင်း ၁၅ ဦး သေဆုံးကာ ၂၈ ဦးကျိုးပဲ့ဒဏ်ရာရရှိမှုဖြစ်စဉ်၊ မန္တလေးမြို့မှာ မီးပွိုင့်တွင် မီးနီ၍ရပ်ထားသော ဆိုင်ကယ်ကို နောက်ကားမှဝင်တိုက်သဖြင့် ဆိုင်ကယ်စီးသူညီအကိုနှစ်ယောက်စလုံး သေဆုံးမှုဖြစ်စဉ်တွေဟာ မဖြစ်သင့်ဘဲနဲ့ဖြစ်တဲ့ မော်တော်ယာဉ် ယာဉ်မတော်တဆမှုများ၊ ဆုံးရှုံးမှုများဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုရှင်တင်ပြသွားတဲ့ မြန်မာနိုင်ငံ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (NRSC)ရဲ့ ရည်ရွယ်ချက်(၅)ချက်ကို လေ့လာကြည့်တဲ့အခါမှာ (၁) သေဆုံးမှုကို စီမံချက်ကာလအတွင်း ၅၀ ရာခိုင်နှုန်းလျှော့ချစေခြင်းဖြင့် လူ့အသက်ပေါင်းများစွာအား ကယ်တင်ရန်ဆိုတဲ့အချက်ကို ဘယ်လောက်ဆောင်ရွက်နိုင်ပြီလဲ၊ (၂) သေဆုံးမှုနှုန်းကို ၂၀၁၃ ခုနှစ်တွင် မော်တော်ယာဉ်စီးရေ ၁၀၀၀၀ လျှင် လူပေါင်း ၉.၂၆ ဦးသေဆုံးတဲ့ နှုန်းမှ ၂၀၂၀ ခုနှစ်မှာ သေဆုံးမှုနှုန်းကို ၅၀ ရာခိုင်နှုန်းလျှော့ချရန်ဆိုတဲ့အချက်က အောင်မြင်နေပြီလား၊ (၃) တစ်ပြည်လုံးတွင် မော်တော်ဆိုင်ကယ်စီးသူအားလုံး မော်တော်ဆိုင်ကယ်စီးဦးထုပ် ဆောင်းစေရန်ဆိုတဲ့အချက်ကတော့ ပိုလို့တောင်ဆိုးလာပါတယ်။ (၄) တစ်ပြည်လုံးမှာ မော်တော်ယာဉ် အသုံးပြုသူ ၇၀ ရာခိုင်နှုန်း အသက်ကယ်ခါးပတ်ပတ်စေရန်ဆိုတဲ့အချက်မှာလည်း လိုက်နာရန် အားနည်းတဲ့အတွက် သေဆုံးမှုဖြစ်စဉ်များမှာ ခါးပတ်မပတ်တဲ့ဖြစ်စဉ်များက ပိုများနေတာကို တွေ့ရပါတယ်။ (၅) ယာဉ်မောင်းလိုင်စင်မဲ့မောင်းနှင်

နေမှုများ ပပျောက်ရန်ဆိုတဲ့ရည်ရွယ်ချက်ကောင်းပါတယ်။ ဒါပေမဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း တတ်ကျွမ်းမှုမရှိဘဲ လိုင်စင်ရသွားခြင်းကလည်း ယာဉ်တိုက်မှုများကို ပိုမိုဖြစ်စေပါတယ်။ NRSC ရဲ့ရည်ရွယ်ချက်တစ်ခုဖြစ်တဲ့ တစ်ပြည်လုံးဆိုင်ကယ်စီးသူအားလုံး ဆိုင်ကယ်စီးဦးထုပ်ဆောင်းစေရန် ဆိုတဲ့အချက်ကိုကြည့်မယ်ဆိုရင် လက်ရှိအခြေအနေမှာ ကျွန်တော်တို့ပြည်သူတွေ ဘယ်လောက် ရာခိုင်နှုန်းထိ လိုက်နာဆောင်ရွက်နေတယ်ဆိုတာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ အသိပင် ဖြစ်ပါတယ်။ ကျွန်တော် လွှတ်တော်တာဝန် ဗီယက်နမ်နိုင်ငံသို့ ခုနစ်ရက်တာလေ့လာရေး ခရီးသွားစဉ် မှာ ဗီယက်နမ်ရဲ့ မြို့ပေါ်ရောက်၊ ကျေးလက်ရောက်ပါ ဆိုင်ကယ်စီးသူအားလုံးက ဆိုင်ကယ်စီးဦးထုပ်ဆောင်း တာကို တွေ့ခဲ့ရတဲ့အတွက် ကျွန်တော်တို့ နိုင်ငံရဲ့အခြေအနေပေါ်မှာ အားမလိုအားမရဖြစ်ခဲ့ရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ခုနှစ်၊ မော်တော်ယာဉ် ဥပဒေ ပုဒ်မ ၄၇ မှာ မည်သူမှယာဉ်မောင်းလိုင်စင်မရှိဘဲ မော်တော်ယာဉ်ကို အများပြည်သူဆိုင်ရာ နေရာများတွင် မောင်းနှင်ခြင်းမပြုရ။ ပုဒ်မ ၄၉ ပုဒ်မခွဲ(က)မှာ မော်တော်ယာဉ်ကို သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍မောင်းနှင်ခြင်း သို့မဟုတ် သတ်မှတ်ထားသည့်အမြန်နှုန်းထက် လျှော့၍မောင်းနှင် ခြင်းမပြုရ။ ပုဒ်မ ၄၉ ပုဒ်မခွဲ(ခ)မှာ ဘေးအန္တရာယ်ဖြစ်စေသည့် မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ၊ ပုဒ်မ ၄၉ ပုဒ်မခွဲ(ဂ)မှာ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲခြင်း သို့မဟုတ် အရက်သေစာသောက်စား၍သော်လည်းကောင်း မော်တော်ယာဉ်ကို မောင်းနှင်ခြင်းမပြုရလို့ ပြဋ္ဌာန်းထားပါတယ်။

မော်တော်ယာဉ်ဥပဒေ အခန်း(၁၀) ပြစ်ဒဏ်များအခန်းမှာ ပုဒ်မ ၅၈ ကနေ ၆၆ ထိ ပြစ်မှု ပြစ်ဒဏ်များပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၅၈ ပုဒ်မခွဲ(က)မှာတော့ မည်သူမဆို ပုဒ်မ ၄၅ ၊ ပုဒ်မ ၄၆ ၊ ပုဒ်မ ၄၇ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၄၈ ၊ ပုဒ်မ ၄၉ နှင့် ပုဒ်မ ၅၀ ပုဒ်မခွဲ(ခ)မှာ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅၀၀၀၀ ထက်မပိုသော ဒဏ်ငွေဖြစ်စေ ဒဏ်နှစ်ရပ်လုံးကိုချမှတ်ရမည်ဟု ဖော်ပြထားပါတယ်။ ဥပဒေတွေကတော့ ပြဋ္ဌာန်းထားပါတယ်။ ဒါပေမဲ့ ဒီဥပဒေတွေကို ကျွန်တော်တို့ ပြည်သူတွေက ဘယ်လောက်သိနေလဲ။ ပညာပေးမှုပိုင်းမှာ ဘယ်လောက်လုပ်နိုင်သလဲ။ လက်ကမ်း စာစောင်လေးပေးရုံလောက်နဲ့တော့ ခဏတော့ပေးလိုက် ပျောက်သွားလိုက်ဆိုတဲ့အခြေအနေလောက် နဲ့တော့ မလုံလောက်ပါဘူး။ ဒါကြောင့်မိုလို့ ကျွန်တော်တို့ပြည်သူတွေကို ပညာပေးမှုပိုင်း၊ အဂတိ လိုက်စားမှုကင်းစွာ စစ်ဆေးအရေးယူမှုပိုင်း၊ ပြည်သူလူထုဘက်မှ ပူးပေါင်းဆောင်ရွက်မှုအပိုင်းတွေကို အားကောင်းလာအောင် အရှိန်မြှင့်ဆောင်ရွက်သင့်ပါကြောင်း တင်ပြလိုပါတယ်။ သို့မှသာ အဆိုရှင် တင်ပြသလို မော်တော်ယာဉ်မတော်တဆမှုတွေကြောင့် မိဘပြည်သူများ အသက်နှင့်ခန္ဓာ၊ လူမှုရေး၊ စီးပွားရေးဆုံးရှုံးမှုများကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံလမ်းအန္တရာယ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးစီမံချက်များကို ထိရောက် စွာအကောင်အထည်ဖော်နိုင်ဖို့ဆိုရင် လူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုတည်းက ဆောင်ရွက် ၍မရနိုင်ဘဲ အစိုးရအဖွဲ့အစည်းများ၊ လူထုလူတန်းစားအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍအသီးသီး

တို့မှ ဟန်ချက်ညီညီဆောင်ရွက်မှသာ အောင်မြင်နိုင်သောလုပ်ငန်းဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မွန်ပြည်နယ်ခရီးစဉ်မှာ ပြည်သူ့ဆေးရုံများ၌ တတိယ အများဆုံးတက်ရောက်ကုသသည့် လူနာဦးရေသည် ယာဉ်မတော်တဆမှုကြောင့်ဖြစ်သဖြင့် ပြည်သူ့ ဆေးရုံများ၌ လူနာဦးရေကြပ်တည်းမှု၊ ဆေးကုသစရိတ်များလျှော့ချနိုင်ရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများထိန်းသိမ်းရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ရန် လမ်းညွှန်မှာကြား ခဲ့ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှလည်း အလေးထားမှာကြားခဲ့သလို အဆိုရှင်ကလည်း NRSC ဖွဲ့စည်းပြီး ဆောင်ရွက်နေသော်လည်း ပြည်သူများလိုက်နာကျင့်သုံးမှု၊ ရလဒ်ကောင်းရရှိမှု အားနည်းနေသေးတဲ့အတွက် လက်တွေ့ကျတဲ့လုပ်ဆောင်ချက်များ၊ လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်း ရန်အတွက် ရန်ပုံငွေလိုအပ်ချက်၊ ဝန်ထမ်းအင်အားလိုအပ်ချက်၊ အသိပညာပေးမှု၊ အဂတိကင်းစွာ စစ်ဆေးအရေးယူမှုအပိုင်းများကို ဖြည့်ဆည်းကာ ပိုမိုအရှိန်မြှင့်အကောင်အထည်ဖော်ဆောင်ရွက်မှသာ ယာဉ်တိုက်မှုများကြောင့် ထိခိုက်သေဆုံးမှုများ လျှော့ချနိုင်ပြီး နိုင်ငံရဲ့လူသားအရင်းအမြစ်များ ဆုံးရှုံးမှု များကို ကာကွယ်နိုင်မှာဖြစ်တဲ့အတွက် အဆိုရှင် ဦးဖော်မင်းသိန်းရဲ့အဆိုအား ပြည်သူ့လွှတ်တော်ကြီးမှ ကျယ်ကျယ်ပြန့်ပြန့်လက်ခံဆွေးနွေးပေးပါရန် တင်ပြရင်းထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံး ကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဖော်မင်းသိန်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃) အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးဖော်မင်းသိန်း တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူမရှိတဲ့အတွက် ဦးဖော်မင်းသိန်း၊ လေးမျက်နှာမဲဆန္ဒနယ်က တင်သွင်းသော တစ်နေ့တခြားများပြားလာသည့် ယာဉ်တိုက်ခိုက်မှုများကြောင့် နိုင်ငံတော်အား အကျိုး ပြုမည့် လူသားအရင်းအမြစ်များ ထိခိုက်သေဆုံးမှုလျှော့ချနိုင်ရန် နိုင်ငံတော်အဆင့် အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ(NRSC)ဖွဲ့စည်းပြီး ဆောင်ရွက်နေသော်လည်း ပြည်သူများလိုက်နာကျင့်သုံးဆောင်ရွက်မှု၊ ရလဒ်ကောင်းများရရှိမှု အားနည်းသည့်အပေါ် လက်တွေ့ ကျသည့်လုပ်ဆောင်ချက်၊ လိုအပ်ချက်များ ဖြည့်ဆည်းကာ ပိုမိုအရှိန်မြှင့်အကောင်အထည်ဖော် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ် ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးဇော်မင်းသိန်း၊ လေးမျက်နှာမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅) အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၃-၁၂-၂၀၁၈ ရက်(တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီက အစီအရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေးဆိုင်ရာကော်မတီက အစီရင်ခံစာတင်ပြဖို့ဖြစ်ပါတယ်။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေးဆိုင်ရာကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မကတော့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေးဆိုင်ရာကော်မတီဝင်၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင် ဖြစ်ပါတယ်။ ကျွန်မက ဒီနေ့ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ကော်မတီရဲ့ ၂၂-၂-၂၀၁၇ မှ ၂၂-၂-၂၀၁၈ အထိ ဒုတိယအကြိမ် နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်ချက်အစီအရင်ခံစာကို ပြည်သူ့လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။ ဒီအစီရင်ခံစာမှာ အပိုင်း ၁၃ ပိုင်းပါရှိပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးများထံသို့ ဖြန့်ဝေပြီးဖြစ်တဲ့အတွက် အသေးစိတ်ကို ဖတ်ကြားတင်ပြခြင်းမရှိတော့ဘဲ အကျဉ်းချုပ်ကိုသာ အစီရင်ခံတင်ပြသွားမှာ ဖြစ်ပါတယ်ရှင်။

ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကော်မတီမှာ ၂၀၁၇ ခုနှစ်၊ စက်တင် ဘာလ ၇ ရက်နေ့မှာ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ကြည်း-၂၉၅၃၀ ဒုတိယဗိုလ်မှူးကြီး မျိုးခိုင်အောင် အစား၊ ကြည်း-၃၃၅၃၉ ဗိုလ်မှူးနှင်းစိုးကို လေ့လာသူအဖြစ် အစားထိုးလဲလှယ်ခဲ့ပါတယ်။ ဒီကော်မတီမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ကိုယ်စားလှယ် ၁၁ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ နှစ်ဦး၊ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီမှတစ်ဦး၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှတစ်ဦး၊ ရခိုင်အမျိုးသားပါတီမှတစ်ဦးနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးတို့နှင့် ဖွဲ့စည်းထားတာဖြစ်ပါတယ်။ စိစစ်ရတဲ့ ဝန်ကြီးဌာနတွေကတော့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ဖြစ်ပါတယ်။ ကော်မတီအနေနဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၁၇ ကြိမ်၊ ဘတ်ဂျက်ညှိနှိုင်းအစည်းအဝေးကိုးကြိမ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပြုလုပ်တဲ့အစည်းအဝေးလေးကြိမ်၊ ဆောက်လုပ်ရေး

ဝန်ကြီးဌာနနှင့်ပြုလုပ်တဲ့ အစည်းအဝေးသုံးကြိမ်၊ ပြင်ပအဖွဲ့အစည်းများနှင့် ငါးကြိမ်၊ ဥပဒေညှိနှိုင်း အစည်းအဝေးတစ်ကြိမ် စုစုပေါင်း ၃၉ ကြိမ်ကျင်းပခဲ့ပါတယ်။ နိုင်ငံခြား အဖွဲ့အစည်းများနှင့် တွေ့ဆုံမှုအနေဖြင့် ကော်မတီဟာ လွှတ်တော်ဥက္ကဋ္ဌရဲ့ခွင့်ပြုချက်၊ ညွှန်ကြားချက်များအရ နိုင်ငံခြားအဖွဲ့ အစည်းများနှင့် ၂၀၁၇ ခုနှစ်မှာ ၁၁ ကြိမ်၊ ၂၀၁၈ ခုနှစ်တွင် နှစ်ကြိမ်တွေ့ဆုံပြီး ဆက်သွယ်ရေး နည်းပညာများဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး၊ ဆိုင်ဖာလုံခြုံရေးအရေးပါပုံနှင့် နေပြည်တော်အခြေပြု Smart City Development ကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်မှု များ၊ လွှတ်တော်၏ အခန်းကဏ္ဍများ၊ အောင်ဆန်းသက်မွေးဝမ်းကျောင်းသင်တန်း အကောင်အထည် ဖော်ရေးအတွက် ဂျပန် ODA သုံးစွဲရေးကိစ္စ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာနအတွက် Prevate Car Inspection Center များအား ဂျပန် ODA ဖြင့် အကောင်အထည်ဖော်ရေးကိစ္စရပ် များကို ဆွေးနွေးခဲ့ကြပါသည်။ မှတ်တမ်းများကို နောက်ဆက်တွဲ(က)ဖြင့် ပူးတွဲဖော်ပြထားပါတယ်ရှင်။

ကော်မတီဝင်များအနေဖြင့် လွှတ်တော်၏တာဝန်ပေးအပ်မှုအရ ပြည်ပခရီးစဉ်များ သွားရောက် ခဲ့ရာ အဖွဲ့ဝင်များဖြစ်သော ဖြစ်သော ဒေါက်တာ ဦးခင်မောင်မောင်၊ ဦးအောင်သိုက်၊ ဦးအုန်းခင်၊ ဗိုလ်မှူးကြီးအောင်မြင့်၊ ဦးယန်ကျင်းကန်၊ ဦးထွန်းဝေတို့မှ တစ်ကြိမ်စီ စုစုပေါင်း(၇)ကြိမ် သွားရောက် ခဲ့ပါသည်။ ကော်မတီသို့တိုင်းကြားစာများဆောင်ရွက်မှုအနေဖြင့် ၃၅ စောင်လက်ခံရရှိပြီး ဆောင်ရွက် ပြီး ၁၂ စောင်၊ ကျန်ရှိနှစ်စောင်ဖြစ်ပါတယ်။ ဆက်လက်ဆောင်ရွက်ရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနသို့တစ်စောင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ခုနစ်စောင်ပေးပို့ထား ပြီးဆောင်ရွက်ရန် မလိုတဲ့ ၁၃ စောင်ကို ဖိုင်တွဲ၍ သိမ်းဆည်းထားပါတယ်။ ဥပဒေပြုရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသုံးသပ် ပြီး ပယ်ဖျက်၊ ပြင်ဆင်၊ အသစ်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ဝန်ကြီးဌာန(၂) ခုအနက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှာ ဥပဒေ(၂၆)ခု ရှိပါတယ်။ စိစစ်ဆဲ(၉)ခု၊ အတည်ပြု ဥပဒေ (၁၇)ခုတို့ကို ဆောင်ရွက်လျက်ရှိပါပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ဥပဒေ (၈) ခုကတော့ အတည်ပြုပြီး (၇) ခု၊ စိစစ်ဆဲ (၁) ခုတို့ ဖြစ်ပါတယ်။

သုံးသပ်ချက်အနေနဲ့ကော်မတီ၏သုံးသပ်အကြံပြုချက်များကတော့-

(က) နိုင်ငံတော်အစိုးရအနေနှင့် e-Government လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာတွင် ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအားနည်း ခဲ့သော်လည်း ယခုအခါ ဦးဆောင်ကော်မတီ၏ ဦးဆောင်မှုဖြင့်ဆောင်ရွက်လာပြီ ဖြစ်သဖြင့် ဦးဆောင်ကော်မတီ၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရန်။

(ခ) အစိုးရ၏ တည်ဆောက်ရေးလုပ်ငန်းများတွင် နိုင်ငံတော်သမ္မတရုံး၏ ၁/ ၂၀၁၇ တင်ဒါလမ်းညွှန်အား တိတိကျကျ လိုက်နာမှုတချို့ အားနည်းပြီး ဆောင်ရွက်နေမှု များအား တွေ့ရှိရ၍ လမ်းညွှန်မှုများအတိုင်း ဆောင်ရွက်ပါရန်၊ တင်ဒါခေါ်ယူမှုအချိန် ကာလသည် ၅ လ မှ ၉ လ အတွင်းကြာမြင့်နေကြောင်းတွေ့ရှိရ၍ ပြည်ထောင်စု လွှတ်တော်မှအကြံပေးသည့်အတိုင်း ၃ လ နှင့် အပြီးဆောင်ရွက်နိုင်ရန်အကြံပြုအပ်ပါ တယ်။

**မှုကြမ်း**

(ဂ) တည်ဆောက်ရေးလုပ်ငန်းအရည်အသွေးကောင်းမွန်လာစေရန်အတွက် Third Party များအား တာဝန်ပေးခဲ့ကြသော်လည်း Third Party များအတွက် လုပ်ထုံးလုပ်နည်း စိစစ်ရန် အချက်အလက်များ တိတိကျကျလမ်းညွှန်မှုမရှိသည့်အတွက် ဆောင်ရွက်နိုင်မှု ခက်ခဲနေခြင်းအား အမြန်ဆုံးဖြေရှင်းပေးရန်၊ တည်ဆောက်သောလုပ်ငန်းများ၏ အရည်အသွေးညံ့ဖျင်းမှုအား ကိုယ်စားလှယ်များမှ လေ့လာတွေ့ရှိခဲ့လျှင် ပြည်သူ့ လွှတ်တော်သို့လည်းကောင်း၊ သက်ဆိုင်ရာကော်မတီများသို့လည်းကောင်း အမြန်ဆုံး တင်ပြရန်လိုအပ်ပါတယ်။

(ဃ) BOT စနစ်ဖြင့် ဆောင်ရွက်နေသောလမ်းများ ဆောင်ရွက်နေမှုသည် စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများအတိုင်း အကောင်အထည်မဖော်သဖြင့် BOT အဖွဲ့(၂၅) ဖွဲ့ အား ခေါ်ယူဆွေးနွေးခဲ့သော်လည်း ယခုအထိ စာချုပ်ပါစည်းကမ်းအတိုင်း ဆောင်ရွက် ခြင်းမရှိသည့် လမ်းပိုင်းများရှိနေသေးကြောင်း သိရှိရသဖြင့် အစိုးရအဖွဲ့မှ အမြန်ဆုံး ကြီးကြပ်ထိန်းမတ်ပေးရန် လိုအပ်ကြောင်း အကြံပြုအပ်ပါတယ်။

(င) လွှတ်တော်၏ တာဝန်ပေးချက်အရ ဆောက်လုပ်ရေးလမ်းပိုင်းများ ကွင်းဆင်းလေ့လာ ခဲ့ရာတွင် ကော်မတီအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအစိုးရ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ တွေ့ဆုံဆွေးနွေးခဲ့ရာ ကော်မတီအဖွဲ့ဝင်များမှ လိုအပ်သည်များကို အကြံပြုထောက်ပြ ဆွေးနွေးခဲ့သဖြင့် လုပ်ငန်းများချောမွေ့အောင်မြင်ကြောင်း လေ့လာ တွေ့ရှိရသဖြင့် နောင်တွင်လည်း လွှတ်တော်၏ တာဝန်ပေးချက်အရ ကွင်းဆင်း ဆောင်ရွက်သင့်ကြောင်းအကြံပြုအပ်ပါသည်။

(စ) ဆက်သွယ်ရေး အော်ပရေတာများဖြစ်သည့် MPT, Ooredoo, Telenor အဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံကာ ဆက်သွယ်ရေးကွန်ရက် မရောက်ရှိသေးသော ပြည်နယ်/ တိုင်းများအား စာချုပ်ပါကတိကဝတ်အတိုင်း အမြန်ဆုံးဆောင်ရွက်ရန် ဆွေးနွေးခဲ့သော်လည်း ဆောင်ရွက်မှု အားနည်းနေသေးကြောင်း လေ့လာတွေ့ရှိရပါ သည်။

(ဆ) ပို့ဆောင်ရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော ဥပဒေများမှာ-

(၁) နိုင်ငံခြားသွားရေကြောင်းဘက်ဆိုင်ရာသင်္ဘောအရာရှိများ၊အခြားအဆင့်များ၏ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေရေးဆွဲပြဋ္ဌာန်းရန်။

(၂) ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့်နိုင်ငံသားပိုင်သင်္ဘော လုပ်ငန်းများဖွံ့ဖြိုးရေးလုပ်ငန်းများ ဥပဒေများ အမြန်ဆုံးရေးဆွဲနိုင်ရန် လိုအပ်လျက်ရှိကြောင်းသုံးသပ်အကြံပြုအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီအနေဖြင့် မိမိတို့ ကော်မတီနှင့် သက်ဆိုင်သော ဝန်ကြီးဌာနများ၏ မူဝါဒ၊ ရည်မှန်းချက်များ၊ ဘဏ္ဍာနှစ်အလိုက် အမျိုးသားစီမံကိန်းများ၊ မူဝါဒ၊ ရည်မှန်းချက်များ စိစစ်လေ့လာသုံးသပ်ခြင်း၊ အကြံပြုတင်ပြနိုင်ခြင်း

**မူကြမ်း**

အပြင် ပယ်ဖျက်ရမည့်ဥပဒေများ၊ ပြင်ဆင်ရေးဆွဲသင့်သောဥပဒေများ ပြင်ဆင်ရေးဆွဲခြင်း၊ အသစ်ပြဋ္ဌာန်းသည့် ဥပဒေကြမ်းများကို လေ့လာသုံးသပ်အကြံပြုတင်ပြခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ ပြည်သူ့လွှတ်တော်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

[အစီရင်ခံစာအပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်ပါသည်။]

## ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ

### နိဒါန်း

၁။ မြန်မာနိုင်ငံအနေနှင့် နှစ်ပေါင်းများစွာ ပါလီမန်စနစ်နှင့် ဝေးကွာခဲ့ပြီးနောက် ၂၀၁၁- ခုနှစ်တွင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်များ အသီးသီး ပေါ်ပေါက်လာပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမြဲတမ်းကော်မတီ ၄ ရပ် သာမက လုပ်ငန်းလိုအပ်ချက်အရ ထပ်မံဖွဲ့စည်းခဲ့သော လွှတ်တော်ရေးရာကော်မတီများတွင် တာဝန်ထမ်းဆောင်ကြရာတွင်လည်း စိတ်အားထက်သန်စွာဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။

### ရည်ရွယ်ချက်

၂။ ကော်မတီ၏ လုပ်ငန်းတာဝန်များကို အောင်မြင်ထိရောက်စွာ ဆောင်ရွက်သွားရန်နှင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန်။

### ဖွဲ့စည်းခြင်း

၃။ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး၏ (၉) ရက်မြောက်နေ့ဖြစ်သည့် ( ၂၂-၂-၂၀၁၆ ) ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၁၆ ဖြင့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၁၅) ဦး ဖြင့်ဖွဲ့စည်းခဲ့ပါသည်။

ကော်မတီဝင်များမှာ -

| | | | |
|---|---|---|---|
| (က) | ဦးတင်မောင်ဝင်း | ဆိပ်ကမ်းမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးကြည်မိုးနိုင် | ရေတာရှည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးအောင်သိုက် | ဆိပ်ဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးသန်းစိုးအောင် | ပျဉ်းမနားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဒေါ်ယဉ်မင်းလှိုင် | ဂန့်ဂေါမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးစိုင်းကျော်မိုး | မိုင်းပန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးစိုင်းဦးခမ်း | သိန္နီမဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဇ) | ဦးအုန်းခင် | ပုလောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးယန်ကျင်းကန် | ကွမ်းလုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးစစ်နိုင် | မင်းပြားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးတင်အေး | မက်မန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးနိုင်နိုင်ဝင်း | တမူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးဇော်ဝင်း | ထန်းတပင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးကြီးအောင်မြင့် | တပ်မတော်သား ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးနေဖူးဗဆွေ | ပန်းဘဲတန်းမဲဆန္ဒနယ် | အတွင်းရေးမှူး |

၄။ ၎င်းကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**ပြင်ဆင်ဖွဲ့စည်းခြင်း**

၅။ ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီကို ၂၀၁၆ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၃၉/၂၀၁၆ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

| | | | |
|---|---|---|---|
| (က) | ဦးကြည်မိုးနိုင် | ရေတာရှည်မဲဆန္ဒနယ် | လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ |
| (ခ) | ဦးစောသလေးစော | ရွှေကျင်မဲဆန္ဒနယ် | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ |
| (ဂ) | ဦးဇော်ဝင်း | ထန်းတပင်မဲဆန္ဒနယ် | ဥပဒေကြမ်းကော်မတီ |
| (ဃ) | Dr.ဦးခင်မောင်မောင် | ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ် | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ |

၆။ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး ဆုံးဖြတ်ချက်အရ ၂၀၁၆ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေး နှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၁၅) ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည် -

| | | | |
|---|---|---|---|
| (က) | ဦးတင်မောင်ဝင်း | ဆိပ်ကမ်းမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးစောသလေးစော | ရွှေကျင်မဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဂ) | ဦးအောင်သိုက် | ဆိပ်ဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးသန်းစိုးအောင် | ပျဉ်းမနားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဒေါ်ယဉ်မင်းလှိုင် | ဂန့်ဂေါမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးစိုင်းကျော်မိုး | မိုင်းပန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးစိုင်းဦးခမ်း | သိန္နီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးအုန်းခင် | ပုလောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးယန်ကျောင်းကန် | ကွမ်းလုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးစစ်နိုင် | မင်းပြားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးတင်အေး | မက်မန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးနိုင်နိုင်ဝင်း | တမူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | Dr.ဦးခင်မောင်မောင် | ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးကြီးအောင်မြင့် | တပ်မတော်သား ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးနေဖူးဗဆွေ | ပန်းဘဲတန်းမဲဆန္ဒနယ် | အတွင်းရေးမှူး |

**ကော်မတီဝင်များထပ်မံထည့်သွင်းဖွဲ့စည်းခြင်း**

၇။ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၂) ဦးဖြင့် ထပ်မံထည့်သွင်းဖွဲ့စည်းခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးသန်းလင်းလင်း | မယ်စဲ့မဲဆန္ဒနယ် | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ |
| (ခ) | ဦးထွန်းဝေ | ဖောင်းပြင်မဲဆန္ဒနယ် | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ |

၈။

ပြည်သူ့လွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့ တွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေး နှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၁၇) ဦးဖြင့် ထပ်မံဖွဲ့စည်းခဲ့ပါသည် -

**မူကြမ်း**

| | | | |
|---|---|---|---|
| (က) | ဦးတင်မောင်ဝင်း | ဆိပ်ကမ်းမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးစောသလေးစော | ရွှေကျင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးအောင်သိုက် | ဆိပ်ဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးသန်းစိုးအောင် | ပျဉ်းမနားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဒေါ်ယဉ်မင်းလှိုင် | ဂန့်ဂေါမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးစိုင်းကျော်မိုး | မိုင်းပန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးစိုင်းဦးခမ်း | သိန္နီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးအုန်းခင် | ပုလောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးယန်ကျင်းကန် | ကွမ်းလုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးစစ်နိုင် | မင်းပြားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးတင်အေး | မက်မန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးနိုင်နိုင်ဝင်း | တမူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | Dr.ဦးခင်မောင်မောင် | ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဦးသန်းလင်းလင်း | မယ်စဲ့မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဏ) | ဦးထွန်းဝေ | ဖောင်းပြင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (တ) | ဗိုလ်မှူးကြီးအောင်မြင့် | တပ်မတော်သား ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ထ) | ဦးနေဖူးဗဆွေ | ပန်းဘဲတန်းမဲဆန္ဒနယ် | အတွင်းရေးမှူး |

**တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ**

၉။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့ အမိန့်အမှတ် ၁/၂၀၁၇ အရ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီတွင် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို လေ့လာသူများအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည် -

| | | |
|---|---|---|
| (က) | ကြည်း - ၂၉၅၃၀ | ဒုတိယဗိုလ်မှူးကြီး မျိုးခိုင်အောင် |
| (ခ) | ကြည်း - ၃၁၉၁၉ | ဗိုလ်မှူးကျော်ဇင်လတ် |

**တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစားထိုးလဲလှယ်တာဝန်ပေးအပ်ခြင်း**

၁၀။ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့ အမိန့်အမှတ် ၃/၂၀၁၇ အရ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီတွင်

မူကြမ်း

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁) ဦး အား လေ့လာသူအဖြစ် အစားထိုးလဲလှယ် တာဝန်ပေးအပ်ခဲ့ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | ကြည်း- ၂၉၅၃၀ | ဒုတိယဗိုလ်မှူးကြီး မျိုးခိုင်အောင် | အစား ကြည်း ၃၃၅၃၉ | - ဗိုလ်မှူးနှင်းစိုး |

၁၁။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီတွင် အောက်ဖော်ပြပါ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များပါဝင်ကြပါသည် -

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (၁၁) ဦး

(ခ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (၂) ဦး

(ဂ) ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ (၁) ဦး

(ဃ) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (၁) ဦး

(င) ရခိုင်အမျိုးသားပါတီ (၁) ဦး

(စ) တပ်မတော်သားကိုယ်စားလှယ် (၁) ဦး

**စိစစ်ရသောဝန်ကြီးဌာနများ**

၁၂။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီအနေဖြင့်စိစစ်ရသောဝန်ကြီး ဌာနများမှာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ဖြစ်ကြပါသည်။

**ကော်မတီ၏သက်တမ်း**

၁၃။ ကော်မတီ၏ သက်တမ်းကို စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ် သတ်မှတ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန် ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့် အခါလိုအပ်ပါက သက်တမ်းတိုးနိုင်သည်။

၁၄။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်များ**

၁၅။ ကော်မတီသည်-

(က) ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းများဖွံ့ဖြိုး တိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဂ) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း၊ ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်။

(ဃ) သက်ဆိုင်ရာနယ်ပယ် အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြ အစီအရင်ခံရမည်။

၁၆။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့် အထောက်အထားများကို တင်ပြခြင်းပြုနိုင်သည်။

၁၇။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို သော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီ အစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေး မှတ်တမ်းများကို ဖြန့်ဝေခြင်း မပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၁၈။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီကျင်းပရမည်။

၁၉။ ကော်မတီအစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘော ကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များပြုလုပ်ခွင့်မရှိ။

**မူကြမ်း**

(ဂ) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

၂၀။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကြောင်းအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ**

၂၁။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီ အစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌ လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့် အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်းခံစားခွင့်ရှိသည်။

၂၂။ ကော်မတီဝင်များသည် -

(က) ကော်မတီ အစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့ လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြား ဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရ ခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

**ကော်မတီ၏အစည်းအဝေးများကျင်းပမှု**

၂၃။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီသည် ကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၁၇) ကြိမ်၊ ဘတ်ဂျက်ညှိနှိုင်းအစည်းအဝေး(၉)ကြိမ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပြုလုပ်သည့် အစည်းအဝေး(၄)ကြိမ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပြုလုပ်သည့် အစည်းအဝေး (၃)ကြိမ်၊ ပြင်ပအဖွဲ့အစည်းများနှင့်(၅)ကြိမ်၊ ဥပဒေညှိနှိုင်းအစည်းအဝေး (၁) ကြိမ်၊ စုစုပေါင်း (၃၉)ကြိမ် ကျင်းပခဲ့ ပါသည်။

**မူကြမ်း**

## နိုင်ငံခြားအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု

၂၄။ ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်၊ ညွှန်ကြားချက်များအရ နိုင်ငံခြားအဖွဲ့အစည်းများနှင့် ၂၀၁၇ ခုနှစ်တွင် (၁၁)ကြိမ်၊ ၂၀၁၈ ခုနှစ်တွင်(၂)ကြိမ် တွေ့ဆုံပြီး ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ Cyber လုံခြုံရေးအရေးပါပုံနှင့် နေပြည်တော်အခြေပြု Smart City Development

၂၅။ ကော်မတီဝင်များ၏ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်ခံတွေ့ဆုံမှုမှတ်တမ်းများကို နောက်ဆက်တွဲ(က)ဖြင့် ပူးတွဲဖော်ပြအပ်ပါသည်။

## ကော်မတီဝင်များ၏ပြည်ပခရီးသွားရောက်မှု

၂၆။ ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်၏ တာဝန်ပေးအပ်မှုအရ ပြည်ပခရီးစဉ်များ သွားရောက်ခဲ့ရာ ကော်မတီအဖွဲ့ဝင်များ။ ပြည်တွင်းပြည်ပသို့ ကော်မတီဝင်များအနေနှင့်သွားရောက်ကွင်းဆင်း လေ့လာဆွေးနွေးခွင့်များရသဖြင့် ငွေစာရင်းဘတ်ဂျက်များ ဆွေးနွေးရာတွင်လည်းကောင်း၊ နိုင်ငံတော်စီမံကိန်းများ၏ လက်တွေ့အခြေအနေများကိုလည်းကောင်း၊ သက်ဆိုင်ရာဝန်ထမ်း လုပ်ငန်းရှင်များနှင့် ထိတွေ့ခွင့်ရ၍ ရင်းနှီးမှုရသည့်အပြင် တကယ့်မြေပြင်လက်တွေ့ အခက်အခဲများကိုလည်း အသေးစိတ်သိရှိနိုင်၍ ပိုမိုထိရောက်စွာ လွှတ်တော်လုပ်ငန်းများကို ထိန်းကျောင်းနိုင်ခြင်း၊ ဒေသန္တရဗဟုသုတနှင့် ရိုးရာယဉ်ကျေးမှုကွဲပြားမှုများနှင့် အနှစ်သာရများကိုလည်း မျက်မြင်ထိတွေ့ သိရှိနားလည်မှုအတွက်လည်းကောင်းစသည့် အကျိုးကျေးဇူးများစွာ အထောက်အကူပြုရရှိ နိုင်ပါသည်။ ဆိပ်ဖြူမဲဆန္ဒနယ် ဦးအောင်သိုက်(အဖွဲ့ဝင်) သည် အီတလီနိုင်ငံ၌ ကျင်းပပြုလုပ်သည့် 4th Danieli Innovaction Meeting 2017 သို့ တက်ရောက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင်နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် ဆာလဖာထုတ်လွှတ်မှု လျှော့ချသည့် နည်းစနစ်အသစ်များကို အသုံးပြုသွားမှာဖြစ်ပြီး လက်ရှိလည်း လေထုညစ်ညမ်းမှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ထားကြောင်း၊ သံမဏိ ဈေးကွက်ရေရှည်တည်တံ့ခိုင်မြဲရေး အတွက် အရည်အသွေးကို လျှော့ချသည့်နည်းကို အသုံးပြုမှာမဟုတ်ဘဲ လူသားတို့၏ တီထွင်ဆန်းသစ်မှုဖြင့်သာ ကြိုးစားသွားမည်ဖြစ်ကြောင်း၊ Electro - robotic experience ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် လူသားတို့နေရာတွင် စက်ရုပ်လုပ်သားများ အစားထိုးရန်မဟုတ်၊ စက်ရုံလုပ်သားများအား ဘေးအန္တရာယ်ကင်းရှင်းစွာ အလုပ်လုပ်နိုင်ရန်နှင့် လိုအပ်သောအချိန်၊ လုပ်အား၊ ပစ္စည်းလေလွင့်ဆုံးရှုံးမှုနည်းစေရန် ရည်ရွယ်ကြောင်း၊ လက်ရှိအသုံးပြုနေသည့် Automation သည်ပင် လူက ခိုင်းစေနေသော စက်ရုပ်နည်းပညာအသုံးချပြီး စက်ရုံလုပ်သားများ အန္တရာယ်ကင်းသက်သာစွာ အလုပ်လုပ်နေပုံကို ယှဉ်တွဲ၍ ဗီဒီယိုပရိုဂျက်တာများဖြင့် နှိုင်းယှဉ်ပြသပါကြောင်း၊ ဤခရီးစဉ်မှ ရရှိသော အကြားအမြင်၊ ဗဟုသုတ၊ အတွေ့အကြုံ Danieli ကုမ္ပဏီနှင့် ဆက်သွယ်လုပ်ဆောင်နေသော မြန်မာနိုင်ငံအနေဖြင့် အနာဂတ်သံမဏိ၊ သတ္တုဈေးကွက်တွင် နိုင်ငံအတွက် အကျိုးကျေးဇူးမြောက်မြားစွာ ရရှိနိုင်လာလိမ့်မည်ဟု ယုံကြည်မိပါကြောင်း၊ ထို့ကြောင့် သင့်တော်သောအချိန်များတွင် သက်ဆိုင်ရာရေးရာ ကော်မတီဝင်များအလိုက် ကိုယ်ရည်၊ ကိုယ်သွေးများ မြှင့်တင်နိုင်ရန် ပြည်တွင်း/ပြည်ပခရီးများကို လေ့လာသွားရောက်ခွင့်ပြုသင့်ကြောင်း တင်ပြအပ်ပါသည်။

**မူကြမ်း**

၂၇။ ကော်မတီဝင်များ၏ ပြည်ပခရီးသွားရောက်မှုအခြေအနေများကို နောက်ဆက်တွဲ(ခ)ဖြင့် ပူးတွဲဖော်ပြအပ်ပါသည်။

**ကော်မတီ၏ တိုင်ကြားစာ ဆောင်ရွက်မှုအခြေအနေ**

၂၈။ ကော်မတီသို့ တိုင်ကြားစာစောင်ရေ (၃၅) စောင်ပေးပို့လာပါသည်။ ကော်မတီအနေဖြင့် ဆောင်ရွက်ပြီးတိုင်ကြားစာစောင်ရေ (၁၂)စောင်နှင့် ဆောင်ရွက်ရန်ကျန်ရှိသည့်တိုင်စာ(၂)စောင် ရှိပါသည်။ တိုင်ကြားစာများနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာန များဖြစ်သော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသို့ တိုင်ကြားစာစောင်ရေ(၁)စောင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ တိုင်ကြားစာစောင်ရေ(၇)စောင် ပေးပို့ထားပါသည်။ ကော်မတီအနေ ဖြင့် ဆောင်ရွက်ရန်မလိုသော တိုင်ကြားစာစောင်ရေ(၁၃)စောင်ကို ဖိုင်တွဲ၍ သိမ်းဆည်းထားပါသည်။

**ကော်မတီ၏ အစီရင်ခံစာဆောင်ရွက်မှုအခြေအနေ**

၂၉။ ကော်မတီလုပ်ငန်းတာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ ကော်မတီမှ ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော်၊ ပဉ္စမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ (၂၉-၆-၂၀၁၇) ရက် (ကြာသပတေးနေ့) တွင် ကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာ တင်ပြခဲ့ပါသည်။ ယင်းအစီရင်ခံစာ နှင့်စပ်လျဉ်း၍ (၁၃-၇-၂၀၁၇)ရက် (ကြာသပတေးနေ့)တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဦးမြစိန်နှင့် သီပေါ မဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်တို့မှ ဆွေးနွေးခဲ့ကြပါသည်။ ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီအနေဖြင့် ကော်မတီအဖွဲ့ဝင် ဦးတင်အေး (မက်မန်းမဲဆန္ဒနယ်)ဦးစီး၍ အဖွဲ့ဝင်များဖြစ်ကြသော ဦးသန်းစိုးအောင်(ပျဉ်းမနားမဲဆန္ဒနယ်)၊ ဦးယန်ကျင်းကန်(ကွမ်းလုံမဲဆန္ဒနယ်)၊ ဦးစိုင်းဦးခမ်း(သိန္နီမဲဆန္ဒနယ်)၊ ဦးစိုင်းကျော်မိုး (မိုင်းပန် မဲဆန္ဒနယ်)၊ ဦးနိုင်နိုင်ဝင်း(တမူးမဲဆန္ဒနယ်)၊ ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)နှင့် ဗိုလ်မှူးကြီးအောင်မြင့်(တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)တို့ လိုက်ပါ၍ ဆောက်လုပ် ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတား၊ အဆောက်အဦ၊ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းခွင်များသို့ (၂၁-၉-၂၀၁၇) မှ (၂၆-၉-၂၀၁၇) ရက်နေ့အထိ သွားရောက်ခဲ့သည့် လေ့လာရေးခရီးစဉ်မှ ရရှိခဲ့သည့် တွေ့ရှိချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ (၂၃-၁၀-၂၀၁၇ ) ရက်နေ့တွင် အစီရင်ခံစာပေးပို့ထားပါသည်။

**မေးခွန်း၊ အဆိုများမေးမြန်းခြင်း**

၃၀။ ပြည်သူ့လွှတ်တော်တွင် ကော်မတီဝင်များ၏အဆို၊ မေးခွန်းတင်သွင်းမေးမြန်း ဆွေးနွေး ဆောင်ရွက်ခဲ့မှုများအား နောက်ဆက်တွဲ(ဂ)ဖြင့် ပူးတွဲဖော်ပြအပ်ပါသည်။

**ဥပဒေပြုခြင်း**

၃၁။ ကော်မတီသည် ဥပဒေပြုရေးဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ရုံး၏ တာဝန်ခွဲဝေသတ်မှတ်ပေးချက်အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေး

ဝန်ကြီးဌာနများ၏ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသုံးသပ်ပြီး ပယ်ဖျက်၊ ပြင်ဆင်၊ အသစ်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၃၂။ ကော်မတီက စိစစ်ရန် သတ်မှတ်ပေးထားသည့် ဝန်ကြီးဌာန (၂) ခုအနက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ဥပဒေ(၂၆)ခု ရှိပါသည်။ စိစစ်ဆဲဥပဒေ(၉)ခု၊ အတည်ပြု ပြဋ္ဌာန်းပြီးဥပဒေ(၁၇)ခု တို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် ဥပဒေ(၈)ခု ရှိပါသည်။ အတည်ပြုပြဋ္ဌာန်းပြီး ဥပဒေ(၇)ခု၊ စိစစ်ဆဲဥပဒေ(၁)ခု တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၃၃။ ကော်မတီက စိစစ်ရန် သတ်မှတ်ပေးထားသည့် ဥပဒေ(၃၄) ခုမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ စိစစ်ဆဲ ဥပဒေ ( ၉ ) ခု**

(၁) The Myanmar Post Office Act ( India Act 6,1898, Vol. VII)

(၂) The Myanmar Registration of Ships Act(India Act 10, 1841, Vol.VII)

(၃) The Myanmar Merchant Shipping Act(India Act 21, 1923, Vol.VII)

(၄) ပင်လယ်ရေကြောင်းသွားလာမှု သဘောတူစာချုပ်များ အက်ဥပဒေ(ဥပဒေအမှတ် ၁၉/၁၉၅၂၊ အတွဲ-၇ )

(၅) The Myanmar Carriage by Air Act ( India Act 20, 1934, Vol. VII )

(၆) The Bills of Lading Act(India Act-9,1856, Vol.VII)

(၇) The Carriers Act(India Act-3,1865, Vol.VII)

(၈) The Ports Act (India Act-15,1908, Vol.VII)

(၉) The Myanmar Carrage of Goods by Sea Act (India Act -26, 1925, Vol.VII)

(ခ) **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းပြီးဥပဒေ(၁၇)ခု**

(၁) ဆက်သွယ်ရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁/၂၀၁၃ )

(၂) အီလက်ထရောနစ် ဆက်သွယ်ရေးဆောင်ရွက်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ( ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆/၂၀၁၄)

(၃) ရေကြောင်းအတားအဆီးများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

The Obstruction in Fairways Act (India Act 16, 1881, Vol.VII) (ပြည်ထော်စုလွှတ်တော်ဥပဒေအမှတ် ၂၆/၂၀၁၃)

(၄) မြစ်ကျဉ်းသွားလာရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

The Defile Traffic Act(India Act 8, 1907,Vol.VII) (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၇/၂၀၁၃)

(၅) မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

The Myanmar Aircraft Act (India Act 22, 1934, Vol.VII) (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၃/၂၀၁၃)

(၆) မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၄/၂၀၁၃)

(၇) ဘက်စုံပို့ဆောင်ရေးဥပဒေ(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃/၂၀၁၄)

(၈) နိုင်ငံတကာအကျိုးစီးပွားနှင့် သက်ဆိုင်သည့် လေယာဉ်ပစ္စည်းကိရိယာများဆိုင်ရာဥပဒေ ( ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၇/၂၀၁၄)

(၉) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေ (ဥပဒေအမှတ် ၃၅/၁၉၅၂၊ အတွဲ- ၇) (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၁/၂၀၁၄)

(၁၀) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့အက်ဥပဒေ (ဥပဒေအမှတ် ၃၉၊ ၁၉၅၂၊ အတွဲ-၇) အစား **မြန်မာအမျိုးသားလေကြောင်းဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၂/ ၂၀၁၄)**

(၁၁) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁/၂၀၁၅)

(၁၂) ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေ

The Inland Steam Vessels Act (India Act 1, 1971, Vol.VII) (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၉/၂၀၁၅)

(၁၃) မော်တော်ယာဉ်ဥပဒေ(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၅၅/၂၀၁၅)

(၁၄) မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

The Myanmar Lighthouse Act ( India Act 2, 1937, Vol.VII) (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁/၂၀၁၆)

(၁၅) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃/၂၀၁၆)

**မူကြမ်း**

(၁၆) ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ

The Railways Act(India Act 9, 1890, Vol.VII) (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄/၂၀၁၆)

(၁၇) မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၁၀/၂၀၁၅)

(ဂ) **ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းပြီးဥပဒေ(၇) ခု**

(၁) ၁၉၅၅ခုနှစ်၊ အစိုးရအိမ်ရာဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ( ဥပဒေအမှတ် ၅၃/၁၉၅၅ )

( ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၆/၂၀၁၂)

(၂) လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေ(ဥပဒေအမှတ်၁၃/၁၉၈၅) (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၁/၂၀၁၅)

(၃) လမ်းမကြီးများဥပဒေ ( ဥပဒေအမှတ် ၈/၂၀၀၀)

( ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၂/၂၀၁၅ )

(၄) အမြန်လမ်းမကြီးများဥပဒေ

( ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၀/၂၀၁၅ )

(၅) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၇/၂၀၁၃ )

(၆) မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေ

( ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၉/၂၀၁၄ )

(၇) စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေ

( ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄ / ၂၀၁၆ )

(ဃ) **ဆောက်လုပ်ရေးဝန်ကြီးဌာန၏ စိစစ်ဆဲဥပဒေ ( ၁ ) ခု**

(၁) ၁၉၅၁ ခုနှစ်၊ နိုင်ငံတော် ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာ စည်ပင်ရေးအဖွဲ့အက်ဥပဒေ ( ဥပဒေအမှတ် ၆၃/၁၉၅၁၊အတွဲ-၄ )

**သုံးသပ်ချက်**

၃၄။ ကော်မတီ၏သုံးသပ်အကြံပြုချက်များမှာ-

(က) နိုင်ငံတော်အစိုးရအနေနှင့် e-Government လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာတွင် ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအားနည်း

ခဲ့သော်လည်း ယခုအခါ ဦးဆောင်ကော်မတီ၏ ဦးဆောင်မှုဖြင့်ဆောင်ရွက်လာပြီ ဖြစ်သဖြင့် ဦးဆောင်ကော်မတီ၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရန်။

(ခ) အစိုးရ၏ တည်ဆောက်ရေးလုပ်ငန်းများတွင် နိုင်ငံတော်သမ္မတရုံး၏ ၁/ ၂၀၁၇ တင်ဒါလမ်းညွှန်အား တိတိကျကျ လိုက်နာမှုတချို့ အားနည်းပြီး ဆောင်ရွက်နေမှု များအားတွေ့ရှိရ၍ လမ်းညွှန်မှုအတိုင်း ဆောင်ရွက်ပါရန်၊ တင်ဒါခေါ်ယူမှုအချိန် ကာလသည် ၅ လ မှ ၉ လ အတွင်း ကြာမြင့်နေကြောင်းတွေ့ရှိရသည်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်မှအကြံပေးသည့်အတိုင်း ၃ လ နှင့် အပြီးဆောင်ရွက်နိုင်ရန် အကြံပြုအပ်ပါသည်။

(ဂ) တည်ဆောက်ရေးလုပ်ငန်းအရည်အသွေးကောင်းမွန်လာစေရန်အတွက် Third Party များအား တာဝန်ပေးခဲ့ကြသော်လည်း Third Party များအတွက် လုပ်ထုံးလုပ်နည်း စိစစ်ရန် အချက်အလက်များ တိတိကျကျလမ်းညွှန်မှုမရှိသည့်အတွက် ဆောင်ရွက်နိုင်မှု ခက်ခဲနေခြင်းအား အမြန်ဆုံးဖြေရှင်းပေးရန်၊ တည်ဆောက်သောလုပ်ငန်းများ၏ အရည်အသွေးညံ့ဖျင်းမှုအား ကိုယ်စားလှယ်များမှ လေ့လာတွေ့ရှိခဲ့လျှင် ပြည်သူ့ လွှတ်တော်သို့လည်းကောင်း၊ သက်ဆိုင်ရာကော်မတီများသို့လည်းကောင်း အမြန်ဆုံး တင်ပြရန်လိုအပ်ပါသည်။

(ဃ) BOT စနစ်ဖြင့် ဆောင်ရွက်နေသောလမ်းများ ဆောင်ရွက်နေမှုသည် စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများအတိုင်း အကောင်အထည်မဖော်သဖြင့် BOT အဖွဲ့(၂၅) ဖွဲ့ အား ခေါ်ယူဆွေးနွေးခဲ့သော်လည်း ယခုအထိ စာချုပ်ပါစည်းကမ်းအတိုင်း ဆောင်ရွက် ခြင်းမရှိသည့် လမ်းပိုင်းများရှိနေသေးကြောင်း သိရှိရသဖြင့် အစိုးရအဖွဲ့မှ အမြန်ဆုံး ကြီးကြပ်ထိန်းမတ်ပေးရန် လိုအပ်ကြောင်း အကြံပြုအပ်ပါသည်။

(င) လွှတ်တော်၏ တာဝန်ပေးချက်အရ ဆောက်လုပ်ရေးလမ်းပိုင်းများ ကွင်းဆင်းလေ့လာ ခဲ့ရာတွင် ကော်မတီအဖွဲ့ဝင်များနှင့် တိုင်းအစိုးရ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ တွေ့ဆုံ ဆွေးနွေးခဲ့ရာ ကော်မတီအဖွဲ့ဝင်များမှ လိုအပ်သည်များကို အကြံပြုထောက်ပြ ဆွေးနွေးခဲ့သဖြင့် လုပ်ငန်းများချောမွေ့အောင်မြင်ကြောင်း လေ့လာတွေ့ရှိရသဖြင့် နောင်တွင်လည်း လွှတ်တော်၏ တာဝန်ပေးချက်အရ ကွင်းဆင်းဆောင်ရွက်သင့် ကြောင်းအကြံပြုအပ်ပါသည်။

(စ) ဆက်သွယ်ရေး အော်ပရေတာများဖြစ်သည့် MPT, Ooredoo, Telenor အဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံကာ ဆက်သွယ်ရေးကွန်ရက် မရောက်ရှိသေးသော ပြည်နယ်/ တိုင်းများအား စာချုပ်ပါကတိကဝတ်အတိုင်း အမြန်ဆုံးဆောင်ရွက်ရန် ဆွေးနွေးခဲ့သော်လည်း ဆောင်ရွက်မှု အားနည်းနေကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဆ) ပို့ဆောင်ရေးလုပ်ငန်းများ အတွက် လိုအပ်လျက်ရှိသော ဥပဒေများမှာ-

**မူကြမ်း**

(၁) နိုင်ငံခြားသွားရေကြောင်းဘက်ဆိုင်ရာသဘော်အရာရှိများ၊အခြားအဆင့်များ၏ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေရေးဆွဲပြဋ္ဌာန်းရန်။

(၂) ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် နိုင်ငံသားပိုင်သဘော်လုပ်ငန်းများဖွံ့ဖြိုးရေးလုပ်ငန်းများဥပဒေများ အမြန်ဆုံးရေးဆွဲနိုင်ရန် လိုအပ်လျက်ရှိကြောင်းသုံးသပ်အကြံပြုအပ်ပါသည်။

**နိဂုံး**

၃၅။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီအနေဖြင့် မိမိတို့ ကော်မတီနှင့် သက်ဆိုင်သောဝန်ကြီးဌာနများ၏မူဝါဒ၊ ရည်မှန်းချက်များ၊ ဘဏ္ဍာနှစ်အလိုက် အမျိုးသားစီမံကိန်းများ၊ မူဝါဒ၊ ရည်မှန်းချက်များ စိစစ်လေ့လာသုံးသပ်ခြင်း၊ အကြံပြုတင်ပြနိုင်ခြင်းအပြင် ပယ်ဖျက်ရမည့် ဥပဒေများ၊ ပြင်ဆင်ရေးဆွဲသင့်သောဥပဒေများ ပြင်ဆင်ရေးဆွဲခြင်း၊ အသစ်ပြဋ္ဌာန်းသည့် ဥပဒေကြမ်းများကို လေ့လာသုံးသပ်အကြံပြုတင်ပြခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

အထက်ပါအစီရင်ခံစာအား ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီအနေဖြင့် အတည်ပြုပါကြောင်း အောက်တွင် လက်မှတ်ရေးထိုးပါသည် -

| | | | | |
|---|---|---|---|---|
| ၁။ | ဦးတင်မောင်ဝင်း | ဆိပ်ကမ်း | ဥက္ကဋ္ဌ | ------------------ |
| ၂။ | ဦးစောသလေးစော | ရွှေကျင် | အဖွဲ့ဝင် | -------------------- |
| ၃။ | ဦးအောင်သိုက် | ဆိပ်ဖြူ | အဖွဲ့ဝင် | -------------------- |
| ၄။ | ဦးသန်းစိုးအောင် | ပျဉ်းမနား | အဖွဲ့ဝင် | -------------------- |
| ၅။ | ဒေါ်ယဉ်မင်းလှိုင် | ဂန့်ဂေါ | အဖွဲ့ဝင် | -------------------- |
| ၆။ | ဦးစိုင်းကျော်မိုး | မိုင်းပန် | အဖွဲ့ဝင် | -------------------- |
| ၇။ | ဦးစိုင်းဦးခမ်း | သိန္နီ | အဖွဲ့ဝင် | -------------------- |
| ၈။ | ဦးအုန်းခင် | ပုလော | အဖွဲ့ဝင် | -------------------- |
| ၉။ | ဦးယန်ကျင်းကန် | ကွမ်းလုံ | အဖွဲ့ဝင် | -------------------- |
| ၁၀။ | ဦးစစ်နိုင် | မင်းပြား | အဖွဲ့ဝင် | -------------------- |

**မူကြမ်း**

| | | | | |
|---|---|---|---|---|
| ၁၁။ | ဦးတင်အေး | မက်မန်း | အဖွဲ့ဝင် | --------------------- |
| ၁၂။ | ဦးနိုင်နိုင်ဝင်း | တမူး | အဖွဲ့ဝင် | --------------------- |
| ၁၃။ | Dr. ဦးခင်မောင်မောင် | ဒဂုံမြို့သစ်(မြောက်ပိုင်း) | အဖွဲ့ဝင် | --------------------- |
| ၁၄။ | ဦးသန်းလင်းလင်း | မယ်စဲ့ | အဖွဲ့ဝင် | --------------------- |
| ၁၅။ | ဦးထွန်းဝေ | ဖောင်းပြင် | အဖွဲ့ဝင် | --------------------- |
| ၁၆။ | ဗိုလ်မှူးကြီးအောင်မြင့် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် | --------------------- |
| ၁၇။ | ဦးနေဖူးဗဆွေ | ပန်းဘဲတန်း | အတွင်းရေးမှူး | --------------------- |

နောက်ဆက်တွဲ(က)

## ကော်မတီ၏ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်ခံတွေ့ဆုံမှုမှတ်တမ်းများ

| စဉ် | ရက်စွဲ/ နေရာ | နိုင်ငံ/ အဖွဲ့အစည်း | တွေ့ဆုံသူ | လက်ခံသူ | အကြောင်းအရာ |
|---|---|---|---|---|---|
| ၁ | ၇-၆-၂၀၁၇ | Microsoft ၏ အရှေ့တောင် အာရှ ဒေသဆိုင်ရာအဖွဲ့ | ညွှန်ကြားရေးမှူး Dr.Astrid Tuminez ဦးဆောင်သော အဖွဲ့ဝင်(၄)ဦး | ကော်မတီ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း နှင့်အဖွဲ့ဝင်များ | ICT နှင့် ပတ်သက်သည့် ဥပဒေများ၊ မူဝါဒများ၊ ဆက်သွယ်ရေးနည်းပညာပိုင်းဆိုင်ရာ ကိစ္စ |
| ၂ | ၂၂-၆-၂၀၁၇ | အမေရိကန် ပြည်ထောင်စု နည်းပညာ Uber ကုမ္ပဏီ | မန်နေဂျင်း ဒါရိုက်တာ ဂျူဒီတင်မောင်သိန်း ဦးဆောင်သော အဖွဲ့ဝင်(၁)ဦး | ကော်မတီ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း နှင့်အဖွဲ့ဝင်များ | IT ပညာရပ်ဆိုင်ရာ Uber Application Software ကိစ္စ |
| ၃ | ၇-၇-၂၀၁၇ | အမေရိကန်နိုင်ငံ | အမေရိကန် သံအမတ်ကြီး H.E. Mr. Scot Marcial ဦးဆောင်သော အဖွဲ့ဝင်(၃)ဦး | ကော်မတီ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း နှင့်အဖွဲ့ဝင်များ | ဥပဒေပြုရေး၊ ပြည်သူ့ဆန္ဒအကောင်အထည် ဖော်ရေး နှင့် အစိုးရဌာနများအား Oversight လုပ်ခြင်းဆိုင်ရာ ကိစ္စ |

မူကြမ်း

| စဉ် | ရက်စွဲ/ နေရာ | နိုင်ငံ/ အဖွဲ့အစည်း | တွေ့ဆုံသူ | လက်ခံသူ | အကြောင်းအရာ |
|---|---|---|---|---|---|
| ၄ | ၁၃-၇-၂၀၁၇ | Telenor Myanmar Limited | Mr. Lars Erik Tellmann ဦးဆောင်သော အဖွဲ့ဝင်(၄)ဦး | ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း နှင့်အဖွဲ့ဝင်များ | ဆက်သွယ်ရေးကွန်ရက်မြင့်တင်မှု။ အခွန်အမျိုးမျိုး ပေးဆောင်မှုကိစ္စ |
| ၅ | ၃၀-၇-၂၀၁၇ | US ICT Council For Myanmar | Mr.Christopher Nolan Director, Secretariat | ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း နှင့်အဖွဲ့ဝင်များ | ICT နည်းပညာ ပိုမိုကောင်းမွန် ရေး၊ ပညာရေး ဒစ်ဂျစ်တယ် အခြေခံ အဆောက်အအုံ ကိစ္စ Empowering Myanmar throught Technology white Paper ကိစ္စ |
| ၆ | ၃-၈-၂၀၁၇ | 359 Group International Japan Co;Ltd | အမှုဆောင်အရာရှိချုပ် Mr. Banya Zaw ဦးဆောင်သော အဖွဲ့ဝင်(၅)ဦး | ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း နှင့်အဖွဲ့ဝင်များ | Digitalization နှင့်ပတ်သက်၍ National Database တည်ဆောက်ရန်ကိစ္စ |
| ၇ | ၉-၈-၂၀၁၇ | Royal Naing Group of Co; Ltd | Chairman ဦးနိုင်ဝင်းသန်း ဦးဆောင်သော အဖွဲ့ဝင်(၆)ဦး | ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း နှင့်အဖွဲ့ဝင်များ | Brilliance ကုမ္ပဏီမှ ထုတ်လုပ်သည့် မော်တော် ကားအမျိုးအစားများ၊ ပြည်တွင်း/ပြည်ပ ကားဈေး ကွက်များ နှင့်မော်တော်ကားထုတ်လုပ်ပုံအဆင့် ဆင့်ကိစ္စ |

| စဉ် | ရက်စွဲ/ နေရာ | နိုင်ငံ/ အဖွဲ့အစည်း | တွေ့ဆုံသူ | လက်ခံသူ | အကြောင်းအရာ |
|---|---|---|---|---|---|
| ၈ | ၁၅-၈-၂၀၁၇ | The Work Bank | Mr. Siou Chew Kuek Senior ICT Policy Specilist, Task Team Leader ဦးဆောင်သော အဖွဲ့ဝင်(၄)ဦး | ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း နှင့် အတွင်းရေးမှူး ဦးနေဖူးဗဆွေ | Digital Government, Digital Economy စနစ် အကောင်အထည် ဖော်နိုင်ရေး၊ လွှတ်တော်မှ ဝန်ကြီး ဌာနများနှင့် ပူးပေါင်း ဆောင်ရွက်သွားရေး (Collaboration) ကိစ္စ |
| ၉ | ၃၀-၈-၂၀၁၇ | အမေရိကန်ပြည်ထောင်စု အခြေစိုက်နည်းပညာ ကုမ္ပဏီ Uber | Mr. Ben Brooks Uber နည်းပညာ ကုမ္ပဏီ ဦးဆောင်သော အဖွဲ့ဝင်(၄)ဦး | ကော်မတီအတွင်းရေးမှူး ဦးနေဖူးဗဆွေနှင့် အဖွဲ့ဝင်များ | အများပြည်သူသွားလာရေး အဆင်ပြေစေရန်နှင့် ယာဉ်ကြော ပိတ်ဆို့မှု လျော့နည်းစေရန် Uber Application အသုံးပြုပုံကိစ္စ |

**မှတ်ချက်**

| စဉ် | ရက်စွဲ/ နေရာ | နိုင်ငံ/ အဖွဲ့အစည်း | တွေ့ဆုံသူ | လက်ခံသူ | အကြောင်းအရာ |
|---|---|---|---|---|---|
| ၁၀ | ၃၀-၈-၂၀၁၇ | Yangon Technical & Trading Co; Ltd | ဦးနေနေလွှမ်းမိုး ဦးဆောင်သော အဖွဲ့ဝင်(၅) ဦး | ကော်မတီ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း နှင့်အဖွဲ့ဝင်များ | ဂျပန် မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အဆင့်မြင့် အဆောက်အဦ ဆောက်လုပ်မည့် စီမံကိန်း ကိစ္စ |
| ၁၁ | ၁၉-၁၀-၂၀၁၇ | မြန်မာနိုင်ငံအခြေစိုက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) | Mr. Yumiko Tamura Office-in-Charge ဦးဆောင်သော အဖွဲ့ဝင် (၁၆)ဦး | ကော်မတီ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း နှင့်အဖွဲ့ဝင်များ | မဟာမဲခေါင် ဒေသခွဲ စီးပွားရေးစင်္ကြံ မြို့ပြဖွံ့ဖြိုးမှု၊ ရန်ကုန်-ပုသိမ် အဝေးပြေး လမ်းတိုးချဲ့ရေး၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး O Km မှ 64 Km (ဘောနတ်ကြီးလမ်းဆုံ) အဆင့်မြှင့်ရေး၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး အန္တရာယ်ကင်းရှင်းရေးအတွက် ADB ဘဏ်မှ ချေးငွေပေးရေးကိစ္စ |
| ၁၂ | ၂၂-၁-၂၀၁၈ | Triumph Myanmar Co; Ltd | ဦးသိန်းဦးဖိုးစော ဥက္ကဋ္ဌဦးဆောင်သော အဖွဲ့ဝင် (၈)ဦး | ကော်မတီ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း နှင့်အဖွဲ့ဝင်များ | ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ဖွံ့ဖြိုး တိုးတက်ရေး၊ Cyber လုံခြုံရေးအရေးပါပုံနှင့် နေပြည်တော် အခြေပြု Smart City Development ကိစ္စ |

| စဉ် | ရက်စွဲ/ နေရာ | နိုင်ငံ/ အဖွဲ့အစည်း | တွေ့ဆုံသူ | လက်ခံသူ | အကြောင်းအရာ |
|---|---|---|---|---|---|
| ၁၃ | ၂၀-၂-၂၀၁၈ | အာရှဒေသ ပတ်ဝန်းကျင် ကောင်းမွန်ရေး၊ နည်းပညာ ပြန့်ပွားမှုအဖွဲ့ | အမှုဆောင်ဒါရိုက်တာ Akio Kawakami ဦးဆောင် သော အဖွဲ့ဝင် ( ၄ ) ဦး | ကော်မတီ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း နှင့်အဖွဲ့ဝင်များ | အောင်ဆန်း သက်မွေးကျောင်း သင်တန်းအကောင်အထည်ဖော်ရေး၊ ဂျပန် ODA သုံးစွဲရေး၊ ပို့ဆောင် ဆက်သွယ်ရေးဝန်ကြီးဌာနအတွက် Prevate Car Inspection Center များအား ဂျပန် ODA အကောင် အထည်ဖော်ရေးနှင့် မြန်မာနိုင်ငံမှ နည်းပညာအလုပ်သင်သင်တန်းသား များ ဂျပန်နိုင်ငံသို့လုပ်ကိုင်ပြီး နည်း ပညာဆန်းစစ်မှုများ လေ့လာဆည်းပူးရေးကိစ္စ |

**မူကြမ်း**

နောက်ဆက်တွဲ(ခ)

## ပြည်ပခရီးသွားရောက်ခဲ့မှုအခြေအနေ

| စဉ် | အမည် | နိုင်ငံ | ကာလ | အကြောင်းအရာ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ ဦးခင်မောင်မောင် အဖွဲ့ဝင် | Estonia | (၂၄-၅-၂၀၁၇) မှ (၃-၆-၂၀၁၇) ထိ | "e-Governance ATool for Citizen Inclusion" seminar | |
| ၂ | ဦးစောသလေးစော အဖွဲ့ဝင် | တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဟောင်ကောင်မြို့ | (၂၂-၆-၂၀၁၇) မှ (၂၃-၆-၂၀၁၇) ထိ | Hong Kong-Myanmar Infrastructure Investment Conference | |
| ၃ | ဦးအောင်သိုက် အဖွဲ့ဝင် | အီတလီ | (၃-၁၀-၂၀၁၇) မှ (၅-၁၀-၂၀၁၇) ထိ | Danieli Innovation Meeting 2017 | |
| ၄ | ဦးအုန်းခင် အဖွဲ့ဝင် | အီတလီ | (၃-၁၀-၂၀၁၇) မှ (၅-၁၀-၂၀၁၇) ထိ | Danieli Innovation Meeting 2017 | |
| ၅ | ဗိုလ်မှူးကြီး အောင်မြင့် အဖွဲ့ဝင် | ဂျပန် | (၂၅-၁၁-၂၀၁၇) မှ (၃၀-၁၁-၂၀၁၇) ထိ | 3rd Industrial Human Resource Development Sympoaium သို့တက်ရောက်ခြင်း | |
| ၆ | ဦးယန်ကျင်းကန် အဖွဲ့ဝင် | ဂျပန် | (၂၅-၁၁-၂၀၁၇) မှ (၃၀-၁၁-၂၀၁၇) ထိ | 3rd Industrial Human Resource Development Sympoaium သို့တက်ရောက်ခြင်း | |
| ၇ | ဦးထွန်းဝေ အဖွဲ့ဝင် | ဂျပန် | (၂၅-၁၁-၂၀၁၇) မှ (၃၀-၁၁-၂၀၁၇) ထိ | 3rd Industrial Human Resource Development Sympoaium သို့တက်ရောက်ခြင်း | |

**မူကြမ်း**

နောက်ဆက်တွဲ(ဂ)

## ကော်မတီဝင်များ၏ မေးခွန်း၊ အဆိုများ မေးမြန်းခြင်းအခြေအနေ

| စဉ် | အမည် | မဲဆန္ဒနယ် | တင်သွင်းမေးမြန်းဆွေးနွေးမှုများ | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | အဆို | မေးခွန်း | | |
| | | | | ကြယ်ပွင့်ပြ | ကြယ်ပွင့် မပြ | |
| ၁ | ဦးတင်မောင်ဝင်း | ဆိပ်ကမ်း | - | - | - | |
| ၂ | ဦးစောသလေးစော | ရွှေကျင် | - | ၃ | ၈ | |
| ၃ | ဦးအောင်သိုက် | ဆိပ်ဖြူ | - | ၁ | ၂ | |
| ၄ | ဦးသန်းစိုးအောင် | ပျဉ်းမနား | ၁ | - | - | |
| ၅ | ဒေါ်ယဉ်မင်းလှိုင် | ဂန့်ဂေါ | ၃ | - | ၃ | |
| ၆ | ဦးစိုင်းကျော်မိုး | မိုင်းပန် | - | ၅ | ၁ | |
| ၇ | ဦးစိုင်းဦးခမ်း | သိန္နီ | ၁ | ၂ | ၂ | |
| ၈ | ဦးအုန်းခင် | ပုလော | - | ၄ | ၅ | |
| ၉ | ဦးယန်ကျင်းကန် | ကွမ်းလုံ | - | - | ၂ | |
| ၁၀ | ဦးစစ်နိုင် | မင်းပြား | - | - | - | |
| ၁၁ | ဦးတင်အေး | မက်မန်း | - | ၃ | - | |
| ၁၂ | ဦးနိုင်နိုင်ဝင်း | တမူး | - | ၄ | ၃၆ | |
| ၁၃ | Dr.ဦးခင်မောင်မောင် | ဒဂုံမြို့သစ်(မြောက်ပိုင်း) | - | ၄ | ၇ | |
| ၁၄ | ဗိုလ်မှူးကြီးအောင်မြင့် | တပ်မတော်သားကိုယ်စားလှယ် | - | - | - | |
| ၁၅ | ဦးသန်းလင်းလင်း | မယ်စဲ့ | - | ၂ | ၂ | |
| ၁၆ | ဦးထွန်းဝေ | ဖောင်းပြင် | - | ၅ | ၂ | |

**မူကြမ်း**

**တင်သွင်းမေးမြန်းဆွေးနွေးမှုများ**

| စဉ် | အမည် | မဲဆန္ဒနယ် | အဆို | မေးခွန်း ကြယ်ပွင့်ပြ | မေးခွန်း ကြယ်ပွင့် မပြ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁၇ | ဦးနေဖူးဗဆွေ | ပန်းဘဲတန်း | - | - | - | |
| | **စုစုပေါင်း** | | ၅ | ၃၃ | ၇၀ | |

## ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီက အစီအရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေးဆိုင်ရာကော်မတီက အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၃-၁၂-၂၀၁၈ ရက်(တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ၂၉-၈-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့)တွင် လွှတ်တော်သို့ လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၃၁-၈-၂၀၁၈ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်သုံးဦးက အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ ယခု

ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် (၁၆)ချက်ကို ဥပဒေကြမ်းကော်မတီက တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးပါထန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ်က ဦးပါထန်း ဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီ အဖွဲ့ဝင်လည်းဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေ ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာဖြစ်ပါ တယ်။

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက ပေးပို့သော မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင် သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၃-၆-၂၀၁၈ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂၄-၇- ၂၀၁၈ ရက်နေ့တွင် ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ဖြစ်သည့် ၂၉-၈-၂၀၁၈ ရက်နေ့ ဗုဒ္ဓဟူးနေ့တွင် လွှတ်တော်သို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက် အဆိုများကို ၃၁-၈-၂၀၁၈ ရက်နေ့ (သောကြာနေ့)နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့ သဖြင့် အောက်ဖော်ပြပါပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များကို တင်သွင်းလာ ပါတယ်။

| | | |
|---|---|---|
| (က) | ဦးကံမြင့် | သရက်မဲဆန္ဒနယ် |
| (ခ) | ဦးဘိုကြီး | ချောက်မဲဆန္ဒနယ် |
| (ဂ) | ဦးခင်ချို | လှိုင်းဘွဲ့မဲဆန္ဒနယ် |

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့်

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိသူများနှင့်အတူ ၁၃-၁၁-၂၀၁၈ ရက်နေ့(အင်္ဂါနေ့)တွင် ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါတယ်။

၄။ ယင်းညှိနှိုင်းအစည်းအဝေး၏သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့သည့် အချက်များအနက်မှ အောက်ဖော်ပြပါ (၁၆)ချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း သဘောတူလက်ခံပါသည်။ ပြင်ဆင်ချက်(၁၆)ချက်ကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါသဖြင့် အချိန်ကိုငဲ့ညှာသောအားဖြင့် အသေးစိတ်ဖတ်ကြားခြင်းမပြုတော့ပါ။

[အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်(၁၆)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| **စဉ်** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့်အပိုဒ်ခွဲ** |
|---|---|---|---|
| (က) | ၁ | ၁၊ ၂ | ဥပဒေခေါင်းစီး၊ အပိုဒ် ၁ |
| (ခ) | ၃ မှ ၅ | ၆ | အပိုဒ် ၂ အပိုဒ်ခွဲ(ဂ){ပုဒ်မ ၂ ပုဒ်မခွဲ(ဍ)ပုဒ်မခွဲငယ်(၁) (၂) (၃) (၄)နှင့် (၅)တို့ကို ပြင်ဆင်ခြင်း} |
| (ဂ) | ၆ မှ ၈ | ၁၀ | အပိုဒ် ၂ အပိုဒ်ခွဲ(စ)နှင့် (ဆ) |
| (ဃ) | ၁၀ မှ ၁၂ | ၁၄၊ ၁၅၊ ၁၆ | အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆ |
| (င) | ၁၄ | ၂၀ | အပိုဒ် ၉ |
| (စ) | ၁၆ | ၂၃ | အပိုဒ် ၁၂ |
| (ဆ) | ၁၇ မှ ၂၀ | ၂၅၊ ၂၆၊ ၂၇၊ ၂၈ | အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇ |
| (ဇ) | ၂၀ | ၃၀ | အပိုဒ် ၁၉{ပုဒ်မ ၈၈-ခ ကိုဖြည့်စွက်ခြင်း} |
| (ဈ) | ၂၁ | ၃၃ | အပိုဒ် ၂၁ |
| (ည) | ၂၂ မှ ၂၃ | ၃၅ | အပိုဒ် ၂၃ ကိုပယ်ဖျက်ခြင်း |

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါအမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် အချက်(၁၆)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့သဘောထားပြောပါ။

**ဦးမော်သန်း(စာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက်(၁၆)ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီကသဘောတူထားသည့်(၁၆) ချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော် ၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူထားသည့်(၁၆)ချက်ကို အမျိုးသား လွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက်(၁၉)ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးပါထန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေး၏သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့ လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ရန် တင်ပြချက်(၁၉)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါ သည်။ ပြင်ဆင်ရန် တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါ သဖြင့် အသေးစိတ်ဖော်ပြခြင်းမပြုတော့ပါ။

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၁၉)ချက်မှာ အောက်ပါ အတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၃ | ၃၊ ၄၊ ၅ | အပိုဒ် ၂ အပိုဒ်ခွဲ(က){ပုဒ်မ ၂ ပုဒ်မခွဲ(ဃ)ကိုပြင်ဆင်ခြင်း} အပိုဒ် ၂ အပိုဒ်ခွဲ(ခ){ပုဒ်မ ၂ ပုဒ်မခွဲ(ဌ)ကိုပြင်ဆင်ခြင်း} အပိုဒ် ၂ အပိုဒ်ခွဲ(ဂ){ပုဒ်မ ၂ ပုဒ်မခွဲ(ဍ)ကိုပြင်ဆင်ခြင်း} |
| (ခ) | ၅ မှ ၆ | ၇၊ ၈၊ ၉ | အပိုဒ် ၂ အပိုဒ်ခွဲ(ဂ){ပုဒ်မ ၂ ပုဒ်မခွဲ(ဍ)ပုဒ်မခွဲငယ်(၆) ကို ပြင်ဆင်ခြင်း}၊ အပိုဒ် ၂ အပိုဒ်ခွဲ(ဃ){ပုဒ်မ ၂ ပုဒ်မခွဲ(ပ)ကို |

| | | | |
|---|---|---|---|
| | | | ပြင်ဆင်ခြင်း}၊ အပိုဒ် ၂ အပိုဒ်ခွဲ(င){ပုဒ်မ ၂ ပုဒ်မခွဲ(ဏ)ကို ပြင်ဆင်ခြင်း} |
| (ဂ) | ၈ မှ ၁၀ | ၁၁၊ ၁၂၊ ၁၃ | အပိုဒ် ၃ အပိုဒ်ခွဲ(က) {ပုဒ်မ ၁၈ ပုဒ်မခွဲ(ဂ)ကိုပြင်ဆင်ခြင်း}၊ အပိုဒ် ၃ အပိုဒ်ခွဲ(ခ) {ပုဒ်မ ၁၈ ပုဒ်မခွဲ(င)ကိုပြင်ဆင်ခြင်း}၊ အပိုဒ် ၃ အပိုဒ်ခွဲ(ဂ) {ပုဒ်မ ၁၈ ပုဒ်မခွဲ(စ)ကိုပြင်ဆင်ခြင်း} |
| (ဃ) | ၁၂ မှ ၁၅ | ၁၇၊ ၁၈၊ ၁၉၊ ၂၁၊ ၂၂ | အပိုဒ် ၇{ပုဒ်မ ၂၈ ခေါင်းစဉ်ကို ပြင်ဆင်ခြင်း}၊ အပိုဒ် ၈ {ပုဒ်မ ၂၉ ကိုပြင်ဆင်ခြင်း}၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အပိုဒ် ၉ ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၁၀{ပုဒ်မ ၄၅ ကို ပြင်ဆင်ခြင်း}၊ အပိုဒ် ၁၁{ပုဒ်မ ၄၅-က ကိုဖြည့်စွက်ခြင်း} |
| (င) | ၁၆ မှ ၁၇ | ၂၄ | အပိုဒ် ၁၃ |

| **စဉ်** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့်အပိုဒ်ခွဲ** |
|---|---|---|---|
| (စ) | ၂၀ မှ ၂၁ | ၂၉၊ ၃၁၊ ၃၂ | အပိုဒ် ၁၈{ပုဒ်မ ၈၈-က ကိုဖြည့်စွက်ခြင်း}၊ အပိုဒ် ၁၉{ပုဒ်မ ၄၉-က ကိုဖြည့်စွက်ခြင်း}၊ အပိုဒ် ၂၀ |
| (ဆ) | ၂၂ | ၃၄ | အပိုဒ် ၂၂ |

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်တင်ပြချက် (၁၉)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့သဘောထားပြောပါ။

**ဦးမော်သန်း(စာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်အနေနဲ့ ပြင်ဆင်ချက်များကို သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်ပြင်ဆင်ချက် (၁၉)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၁၉)ချက်သည်

**မူကြမ်း**

ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲ အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင် ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဌမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဌမနေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဌမနေ့ကို ၁၂း၁၅ နာရီ အချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ (၃၀.၁၁.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ

pyithu.hluttaw.mm



U Kyaw Myo



Dr Myint Thein

pyithu.hluttaw.mm



U Kyaw Myo



U Nyan Linn

pyithu.hluttaw.mm



U Shwe Hla



U Kyaw Myo

pyithu.hluttaw.mm



U Kyaw Myo



U Myint Kyi

pyithu.hluttaw.mm



U Sai Ngaung Seng Hein



U Kyaw Myo

pyithu.hluttaw.mm



U Kyaw Myo



U Aung Kyaw Kyaw Oo

pyithu.hluttaw.mm



Dr Sai Mauk Kham



U Kyaw Myo

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်